မိမာ်ကျွှန်ချိုချိုးအနုပညာ

# ဘဝသက်တာ

## သခင်ဗတင်

Lord Avebury ၏ Use of Life ကို
မှီငြမ်းပြု ရေးသားသည်။



mgyoe.com


ဒုတိယအကြိမ်

mgyoe.com



ဤကျမ်းတွင်ပါရှိသော အကြောင်းချက်များသည် "လူ့ဘဝ" တွင် လူပီပီ နေထိုင်သွားနိုင်အောင် ဖြောင့်မတ် စင်ကြယ်လွယ်ကူသော နည်းလမ်းကောင်းများကို ညွှန်ပြထားပေသည်။ ထိုမျှမဟုတ်တုံ့ နောင်သံသရာဖြစ်လေရာ ဘဝတွင် ဘာသာအခြားခြား၊ တရားအရပ်ရပ် ချမှတ်သည့်အတိုင်း လူဖြစ်မူလည်း လူတကာထက်မြတ်သော "လူ့ဘဝ" နတ်ဖြစ်မူလည်း နတ်တကာထက်မြတ်သော နတ်ဘဝ၊ ဗြဟ္မာဖြစ်မူလည်း ဗြဟ္မာတကာထက်မြတ်သော ဗြဟ္မာ့ဘဝကို ရရှိစေပြီးလျှင် "ငြိမ်းချမ်းရေးဘုံဗိမာန်" သို့ အမွန်ရောက်နိုင်အောင် ဖြောင့်မတ်စင်ကြယ် လွယ်ကူသော နည်းလမ်းကောင်းများကို ညွှန်ပြထားပေသေးသည်။

မောင်ကျော်ရှင်





ဤဘဝသက်တာစာအုပ်မှာ နိုင်ငံရေးသမားများ၊ စစ်သား များ၊ ကုန်သည်များစသည့် သူကျင်လည်ခဲ့သော ဘဝကဏ္ဍမှ လူတန်းစားတွေပါ အပါအဝင် ကျောင်းသားကျောင်းသူ လူငယ်လူရွယ်လောက၊ အလုပ်သမားလောက၊ လူ့လောက လူ့ဘဝအထွေထွေ၊ လူတန်းစားအသီးသီး၊ လူတိုင်းနှင့် သက်ဆိုင်နေသော လူ့ဘဝကို အကျိုးပြုသော စာတစ်အုပ်၊ ကျမ်းတစ်အုပ်ဖြစ်နေလေသည်။

ဂျာနယ်ကျော်မမလေး

အလျှင်အမြန် ပြေးလွှားနေသော စက်ခေတ်၊ ဓာတ်ခေတ်ကြီးတွင် ထွန်းကား ကြီးပွားလျက်ရှိသောနိုင်ငံများနှင့် ရင်ပေါင်တန်း လိုက်နိုင်ရန်အတန်ပင် ခဲယဉ်းနေသည်ကို တွေ့ရှိရသဖြင့် ရှေးခေတ်မြန်မာစာပေ အညွှန့်အဖူးတို့နှင့်တကွ အနောက်နိုင်ငံစာပေ အဆီအနှစ်အရသာတို့ကို တတ်အားသမျှ ကြိုးကုတ်ရှာဖွေ၍ စီစဉ်ရေးသားပါသတည်း။

ဗတင်



mgyoe.com

ဘဝသက်တာ၊ သခင်ဗတင်
စာမျက်နှာ ၁၇၈+ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၆ သီဟရတနာစာပုံနှိပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဘဝသက်တာ

## သခင်ဗတင်

ဒုတိယအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နေမှုထိုင်မှု | ၁ |
| ၂။ | နေသားတကျစိမ်ခြင်း | ၁၃ |
| ၃။ | ပညာရေး | ၂၆ |
| ၄။ | ငွေရေးကြေးရေး | ၅၅ |
| ၅။ | လုံ့လဝီရိယ | ၆၉ |
| ၆။ | အဖျက်တရား | ၈၅ |
| ၇။ | ကျန်းမာမှု | ၁၀၁ |
| ၈။ | ပေါင်းသင်းဆက်ဆံရေး | ၁၂၀ |
| ၉။ | ခေတ်ဝါဒ | ၁၄၁ |
| ၁၀။ | လူတို့တာဝန် | ၁၅၄ |
| ၁၁။ | လောကနိဗ္ဗာန် | ၁၇၁ |




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပဏာမ

နိုင်းယှဉ်မရ အတုလဘဂဝါ စောထွတ်ချာနှင့် ကိုးပါးသော လောကုတ္တရာတရားတို့ကိုလည်းကောင်း လဒ္ဓိပေသလသိက္ခာကာမ ဖြစ်တော်မူသော သံဃာတော် အရှင်မြတ်တို့ကိုလည်းကောင်း ကြည်ဆွ သဒ္ဓါရှိခိုးပါ၏။

ငယ်စဉ်ကစ ယနေ့ကျအောင် သွန်သင်ဆုံးမ ဩဝါဒပေးလေ့ရှိသော အနန္တဂုဏ်ဝင် ကျေးဇူးရှင် မိဘများအားလည်းကောင်း ဂန္ထန္တရ၊ ဘာသန္တရ၊ စသည် စေ့ငငေ၊ သုတမျိုးစုံ ပညာရိပ်မြုံတို့ကို သွန်သင်ပြသ တော်မူသော ကျေးဇူးရှင် ဆရာအပေါင်းတို့ကိုလည်းကောင်း ရိုသေစွာ ရှိခိုးပါ၏။

လူမှုရေးရာ၊ ခက်ခဲစွာသား လူ့ပြဿနာ လူပုစ္ဆာကို သေချာ စေ့ငု၊ နည်းစုံရှု၍ ခက်ခဲမှုမှန်သမျှ၊ ကင်းစင်ကြစေရန်၊ ရည်သန်ရိုးရှင်း၊ နှလုံးသွင်းလျက်၊ လူ့ဘဝဟု မည်ရသမုတ်၊ ဤစာအုပ်ကို ရေးထုတ် စီရင်ပါအံ့သတည်း။

mgyoe.com

mgyoe.com

# နိဒါန်း

ဤကျမ်းပြုသူသည် သခင်အမည်ခံ နိုင်ငံရေးသမားဘဝ၊ ဗိုလ်အမည်ခံ စစ်သားဘဝ၊ ဦးအမည်ရ ကုန်သည်ကြီး ဘဝဟူသောအားဖြင့် သုံးဘဝပြောင်းခဲ့ပေပြီ။ ကျမ်းပြုသောခေတ်မှာလည်း အင်္ဂလိပ်စိုးစံသော ခေတ်၊ ဂျပန်စိုးစံသောခေတ်၊ ဗမာ စိုးစံသောခေတ်ဟူ၍ သုံးခေတ်ညောင်း ခဲ့လေပြီ။

သို့ပါသော် ဤကျမ်းသည် ယခုခေတ်တွင်လည်း မရိုး၊ နောင်ခေတ်များတွင်လည်း မဆိုး၊ ယခုဘဝတွင်လည်း အဖိုးတန်၊ နောင်ဘဝတွင်လည်း အကျိုးမှန်မည့်ကျမ်း ဖြစ်ပေသည်။

အဘယ်ကြောင့်နည်း...။

ဤကျမ်းတွင်ပါရှိသော အကြောင်းချက်များသည် "လူ့ဘဝ" တွင် လူပီပီ နေထိုင်သွားနိုင်အောင် ဖြောင့်မတ် စင်ကြယ်လွယ်ကူသော နည်းလမ်းကောင်းများကို ညွှန်ပြထားပေသည်။ ထို့ပြင်မဟုတ်တုံ နောင်သံသရာဖြစ်လေရာ ဘဝတွင် ဘာသာအခြားခြား၊ တရားအရပ်ရပ် ချမှတ်သည့်အတိုင်း လူဖြစ်မှုလည်း လူတကာထက်မြတ်သော "လူ့ဘဝ" နတ်

mgyoe.com

mgyoe.com



ဖြစ်မှုလည်း နတ်တကာထက်မြတ်သော နတ်ဘဝ၊ ဗြဟ္မာဖြစ်မှုလည်း ဗြဟ္မာတကာထက်မြတ်သော ဗြဟ္မာ့ဘဝကို ရရှိစေပြီးလျှင် "ငြိမ်းချမ်းရေး ဘုံဗိမာန်" သို့ အမွန်ရောက်နိုင်အောင် ဖြောင့်မတ်စင်ကြယ် လွယ်ကူသော နည်းလမ်းကောင်းများကို ညွှန်ပြထားပေသေးသည်။

ထို့ပြင် အထက်ပါ နည်းလမ်းကောင်းများကို ညွှန်ပြရာ၌ အနောက်နိုင်ငံ ပညာရှိတို့၏ ဆုံးမစကား အဖုံဖုံ၊ အရှေ့နိုင်ငံ ပညာရှိများ၏ သြဝါဒအစုံစုံတို့ကို အင်္ဂလိပ်စာပေ၊ သက္ကတစာပေ ပါဠိစာပေ၊ မြန်မာ အနုစာပေများမှ အထောက်အထား အကိုးအကား ကောက်နုတ်ချက်များ နှင့် တန်ဆာဆင်၍ ရှင်းလင်းလွယ်ကူသော စကားဖြင့် ဝေဆာစွာ ရေးသား ထားပေသည်။

ဤသို့ဝေဆာစွာ ရေးသားထားသောကြောင့် ကျမ်းပြုသူက ရိုးသားစွာ "လောအဲဗာဗျူရီရေး စာအုပ်ကို မှီငြမ်းပြုသည်" ဟု ဝန်မခံခဲ့ ပါမူ စာဖတ်သူတိုင်းပင် ကျမ်းပြုသူ၏ ပင်ကိုဉာဏ်တွက် လက်ရာဖြစ်ပေ သည်ဟု ရုတ်ခြည်းဆိုကြပေလိမ့်မည်။

ယခုအခါ စကားကြောင့် တရားကွယ် ပရိယာယ်နှင့် ကုန်ကို ရောင်း၊ မင်းနှင့်ပေါင်းပြီး လူတတ်လုပ်၊ ဆင်ဖြူမှီ ကြံစုပ်သောခေတ် တွင် မွန်မြတ်သောပညာကို ရိုးသားစွာ ဖော်ထုတ်သူအား သပြေပန်းနှင့် လက်လှမ်းကြိုဆိုသင့်ပေသတည်း။

မောင်ကျော်ရင်
ကထိက
ရန်ကုန်တက္ကသိုလ်



mgyoe.com

mgyoe.com

# ဂျာနယ်ကျော် မမလေး အမှာ

မှတ်စရာ၊ သိစရာ၊ ဆင်ခြင်စရာ၊ တွေးတောစရာ၊ ဥပမာ၊ ဥပမည်းယျှတို့ဖြင့် စကားပြောတတ်သော သခင်ဗတင်နှင့် ဂျပန်ခေတ်ကစ၍ သိကျွမ်းရသည်။

ကျွန်မမှာ သူစကားပြောနေစဉ် ငေး၍ နားထောင်နေရသည်။ ပြောနေသော အကြောင်းအရာတွေနှင့် စပ်လျဉ်းတိုင်း ဥပမာ ခိုင်းကာနှိုင်းကာ ပြောလေရာ ဥပမာ ကြွယ်ဝလွန်းသဖြင့် သူ့တွင် လူ့လောကနှင့် ပတ်သက်၍ သိမှတ်ဆည်းပူးထားသော အတွေ့အကြုံ ဗဟုသုတများ အတော်စုံရမည်ဟု မှတ်ထင်ထားလိုက်သည်။

သူသည် နိုင်ငံရေးသမားလည်း ဖြစ်ခဲ့သည်။ စစ်သားလည်းဖြစ်ခဲ့သည်။ ကူးသန်းရောင်းဝယ်ရေး ကုန်သည်ကြီးလည်း ဖြစ်နေသည်။ နိုင်ငံရေးလောက၊ စစ်သားလောက၊ ကုန်သည်လောကတို့သို့ မရောက်မီ လွန်ခဲ့သော အနှစ် ၂၀ ခန့်က ဤစာအုပ်ကို ရေးသားပြုစုခဲ့လေသည်။

နိုင်ငံရေးသမားမဖြစ်မီ၊ စစ်သားမဖြစ်မီ ကုန်သည်မဖြစ်မီ၊ လူငယ်လူရွယ်ဘဝဖြင့် ရေးသားပြုစုခဲ့သော စာတစ်အုပ်၊ ကျမ်းတစ်စောင်

mgyoe.com

mgyoe.com



ဖြစ်ခဲ့၏။ သူ့ဘဝ တစ်သက်တာအဖို့၌လည်း ပြောစမှတ်ဖြစ်လောက်သည့် ထူးခြားချက်တစ်ရပ်ဖြစ်လေသည်။

ဤဘဝသက်တာစာအုပ်မှာ နိုင်ငံရေးသမားများ၊ စစ်သား များ၊ ကုန်သည်များစသည့် သူကျင်လည်ခဲ့သော ဘဝကဏ္ဍမှ လူတန်းစားတွေပါ အပါအဝင် ကျောင်းသားကျောင်းသူ လူငယ်လူရွယ်လောက၊ အလုပ်သမားလောက၊ လူ့လောက လူ့ဘဝအထွေထွေ၊ လူတန်းစားအသီးသီး၊ လူတိုင်းနှင့် သက်ဆိုင်နေသော လူ့ဘဝကို အကျိုးပြုသော စာတစ်အုပ်၊ ကျမ်းတစ်အုပ်ဖြစ်နေလေသည်။

ကျွန်မထံသို့ ပုံနှိပ်ရန် သူ၏ စာမူဖိုင်ကြီးကို လာပို့သောအခါ နှစ်ကာလကြာမြင့်နေ၍ အချို့စာရွက်များမှာ ဆွေးမြည့်စုတ်ပြတ်လျက် ဖတ်၍ပင် မရတော့ချေ။

ဤစာမူကြီးကို ရေးသားပြုစုပြီးဆုံးသည့်နောက် စာမူတွဲကြီးမှာ အစရှာမတွေ့အောင် ပျောက်ဆုံးသွားသဖြင့် စာရေးသူကိုယ်တိုင်က မီးလောင်စဉ်က မီးထဲပါသွားပြီဟု မှတ်ယူကာ နှစ်အတန်ကြာမျှ မေ့ပျောက်ထားလေ၏။

လွန်ခဲ့သည့် သုံးလေးနှစ်ကမှ ဤစာမူတွဲကြီးမှာ အင်္ဂလိပ်ခေတ်က မီးလောင်သည့်အထဲမပါဘဲ မိတ်ဆွေတစ်ဦးလက်မှ တစ်ဦးလက်သို့ပြောင်းရောက်နေကာ နောက်ဆုံး မိတ်ဆွေတစ်ဦးအိမ်တွင် ရှိနေကြောင်း ကြားသိရ၍ သွားရောက်သိမ်းယူလာရလေ၏။

ပျောက်ဆုံးပျက်စီးသွားပြီဟု မှတ်ထင်ယူဆထားသော စာမူဖိုင်ကြီးလက်ဝယ်သို့ ပြန်ရသည့်အခါတွင် လွန်ခဲ့သော အနှစ် ၂၀ ခန့်က လူငယ်ဘဝဖြင့် ပြုစုရေးသားခဲ့ရခြင်းဖြစ်၍ ငယ်ရွယ်စဉ်က လက်ရာကလေးကို နှစ်လိုမြတ်နိုး ခင်တွယ်ခြင်းလည်းတစ်ကြောင်း၊ လူ့ဘဝကြီးတွင် လူလုပ်ကြမည့် လူတွေအတွက် လူကောင်းသူကောင်းဖြစ်ရန် အကျိုးပြုရာ

mgyoe.com

mgyoe.com



ညွှန်ပြသော နည်းလမ်းကောင်းများစုံလင်စွာ ပါရှိ၍လည်းတစ်ကြောင်း စာမူဖိုင်ကြီး အလဟဿ မဖြစ်စေဘဲ စာအုပ်တစ်အုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရန် ဆန္ဒဖြစ်ပေါ်ကာ ကျွန်မထံသို့ ရိုက်နှိပ်ပေးရန် လာအပ်လေသည်။

ကျွန်မမှာ ပုံမနှိပ်ခင် စာဖိုင်ကြီးကို စိတ်ဝင်စားစွာ အစအဆုံး ဖတ်ရှုကြည့်လေသည်။ သခင်ဗတင်နှင့် သိစကျွမ်းစက "အတော် စကား ပြောကောင်းတဲ့ပုဂ္ဂိုလ်ပဲ" ဟု ထူးထူးခြားခြား အမှတ်ထားခဲ့သူဖြစ်၍ သူ့လက်ရာကို ဖတ်ရှုနေစဉ်အတွင်း "ဒါကြောင့်လည်း စကားပြော ကောင်းတာပဲ" ဟု ထပ်၍ ဆင့်လောင်းကာ မှတ်ချက်ချမိလေသည်။

ဤစာအုပ်တွင် လူ့ကျင့်ဝတ် အဖြာဖြာများအနက် လူလူချင်း မာနမထောင်လွှားရန်၊ လောဘမတက်ကြွရန်၊ ဒေါသမထားရန် နည်းနိသယစုံလင်စွာဖြင့် ညွှန်ပြတားမြစ်ထားကာ လူလူချင်း မေတ္တာထားရန်၊ တရားလမ်းကြောင်းမစောင်းမယွင်းစေရန် မပြတ်ပြုလုပ် လုံ့လထုတ်နေစေရန် ညွှန်ပြသော အချက်အလက်များမှာ များစွာ မှတ်သားထိုက်လှပေ၏။

လူဖြစ်၍ လူ့ဘဝတစ်သက်တာတွင် လူစဉ်မီမီ နေထိုင်နိုင်ခွင့်ရဖို့ရာ အလွန်အရေးကြီးလေသည်။ လူဖြစ်ရလျက် လူစဉ်မမီ လူမပီခြင်းမှာ အလွန်ပင်အဖြစ် နာလှပေသည်။

ဘဝတစ်သက်တာတွင် မှတ်အပ်၊ သိအပ်၊ ဆင်ခြင်အပ်သည့် အချက်အလက်များကို အကိုးအကားများနှင့် အဘက်ဘက်မှ စုံလင်စွာ စုဆောင်း ရေးသားထား၍ ဖတ်မိသူတိုင်း အကျိုးရှိစေမည့် အပြင် မိမိတို့ တစ်သက်တာတွင် ဘဝအရသာကို အောင်မြင်စွာ ခံစားစံစားနိုင်လိမ့်မည် ဖြစ်ပေသတည်း။

ဂျာနယ်ကျော် မမလေး



mgyoe.com

mgyoe.com

# နိဒါန်း

မြန်မာပြည်၏ စာပေခေတ်ကို ပြန်ပြောင်း၍ကြည့်လျှင် ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် ဘုန်းတော်ဘွဲ့ စစ်နိုင်မော်ကွန်း၊ နန်းတွင်းအဖြစ်အပျက်များ၊ တမ်းချင်းများ၊ မှာတော်ပုံများကို တွေ့ခဲ့ရလေပြီ။

နတ်ရှင်နောင်ခေတ်၊ နဝဒေးခေတ်၊ ဦးပုညခေတ်၊ အချုပ်တန်းဆရာဖေခေတ်မှသည် ယနေ့တိုင်အောင် ဆရာမှိုင်းခေတ်၊ ပီမိုးနင်းခေတ်သို့ ပြောင်းလဲလာခဲ့လေရာ ခေတ်နှင့်လျော်စွာ စာပေတို့မှာလည်း တစ်မျိုးတစ်ဖုံ ဖြစ်လာတော့သဖြင့် အနောက်နိုင်ငံစာပေများမှ ဘာသာပြန်ဆိုချက်များ၊ ကောက်နုတ်ချက်များဖြင့် တိုင်းပြည်၏ ပညာရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေးတို့ကို တီထွင်ရေးသားသော ဘာသာပြန်ခေတ်၊ တိုင်းပြု ပြည်ပြု စာစောင်များခေတ်သို့ရောက်ခဲ့လေပြီ။

ဘောဂဗေဒ၊ ရက္ခဗေဒ၊ ပထဝီဗေဒ စသော လောကီကြီးပွားမှုအတွက် ပညာရပ်များမှာ များသောအားဖြင့် အနောက်နိုင်ငံ စာပေတို့ရှိသဖြင့် ၎င်းတို့မှာ ဘာသာပြန်ဆိုချက် ကောက်နုတ်ချက်များ မရှိက

mgyoe.com

mgyoe.com



အလျင်အမြန် ပြေးလွှားနေသော စက်ခေတ်၊ ဓာတ်ခေတ်ကြီးတွင် ထွန်းကား ကြီးပွားလျက်ရှိသောနိုင်ငံများနှင့် ရင်ပေါင်တန်း လိုက်နိုင်ရန်အတန်ပင် ခဲယဉ်းနေသည်ကို တွေ့ရှိရသဖြင့် ရှေးခေတ်မြန်မာစာပေအညွန့်အဖူးတို့နှင့်တကွ အနောက်နိုင်ငံစာပေ အဆီအနှစ်အရသာတို့ကို တတ်အားသမျှ ကြိုးကုတ်ရှာဖွေ၍ စီစဉ်ရေးသားပါသတည်း။

အထူးသဖြင့် Lord Averbury ရေးသော Use of Life ခေါ် စာအုပ်ကိုမှီငြမ်းပြု၍ ရေးသားထားသဖြင့် ခေတ်မီစာစောင်တစ်ခုဖြစ်လျက် အမျိုးသား အမျိုးသမီးများအတွက် မိမိတို့၏သက်တမ်းတွင် အနှောင့်အယှက်မရှိ ပကတိသန့်ရှင်းသော ဘဝခရီးဖြင့် ဖြောင့်ဖြောင့်ကြီး သွားလာနိုင်လိမ့်မည်ဟု အထူးယုံကြည်မိပါကြောင်း။

ဗတင်

သံတွဲမြို့။

သီတင်းကျွတ်လဆန်း ၁၃ ရက်။

ဝ

mgyoe.com

mgyoe.com

# အခန်း – ၁
# နေမှု ထိုင်မှု

လူ့ဘဝတွင် လူမှုရေးရာသည် များစွာအရေးကြီးပေ၏။ ဘယ်ပုံနေ၍ ဘယ်ပုံထိုင်ရမည်ကို သေချာစွာ သိရန်လိုပေသည်။ လူမှာ ပေါင်းသင်းဆက်ဆံ တတ်သောသတ္တဝါဖြစ်သဖြင့် အပေါင်းအသင်းနှင့် ကွေကွင်း၍ မနေကြကုန်၊ ထိုသို့ အပေါင်းအသင်းနှင့် နေရမည်ဟု လောကစဉ်လာ ဓမ္မတာထုံးနည်းရှိရကား အပေါင်းအသင်း စိစစ်ရွေးချယ်ကြရသည်။

ပေါင်းထိုက်သော မိတ်ဆွေ၊ ပေါင်းထိုက်သော မယားများရှိသကဲ့သို့ပင်၊ မပေါင်းသင်းထိုက်သောမိတ်ဆွေ၊ မပေါင်းသင်းဘဲ ဝေးစွာခွဲ၍ နေထိုက်သော မယားတို့လည်း ရှိပေသေး၏။ ဆည်းကပ်အပ်သောဆရာ၊ မဆည်းကပ်အပ်သောဆရာ၊ ထောက်ပံ့သင့်သောတပည့်၊ မကျွေးမွေး မထောက်ပံ့သင့်သောတပည့်ဟူ၍ အများအပြား ရှိကြရပေမည်။ ။

မိတ်ဆွေကောင်းတို့၏လက္ခဏာ၊ ခင်ပွန်းယုတ်တို့၏လက္ခဏာ၊

mgyoe.com

mgyoe.com


ဆရာဝတ် တပည့်ဝတ် စသည်တို့မှာ လောကီကျမ်းတို့၌ အကျယ်ပြပြီး ဖြစ်၍ ဤတွင် မရေးတော့ပြီ။ မိမိနှင့် ပေါင်းသင်းသူတို့မှာ ၎င်းတို့၏ ကိုယ်ကျိုးကိုသာ ရှေးရှုသည်ဖြစ်၍ တစ်ဖက်သားအတွက် ငဲ့ကွက် ညှာတာခြင်း အလျင်းမရှိခြင်း၊ ချမ်းသာလျှင်အတူ၊ ဆင်းရဲလျှင်တခြား၊ အေးအတူပူအမျှ သဘောမထားမူ၍ ဘေးရောက်သောအခါ၊ မိမိ၌ အကျိုးထူး မမြင်သောအခါ စွန့်ခွာတတ်သော သဘောရှိသူများကို ဝေးစွာရှောင်ကြဉ်ရမည်ဖြစ်၏။

ထိုသို့ သဘောယုတ်ရှိသူများမှာ အဆွေခင်ပွန်းတို့၏ အကျိုး လိုယောင် လှည့်ပတ်ဖြားယောင်းလျက် ကိုယ်ကျိုးရှာသော လူမသမာ များ ဖြစ်ကြ၏။

ပွက်ဆိုမုသား၊ နှုတ်သံပျားသို့၊ စီးပွားလိုယောင်၊ ရှုပဆောင် လျက်၊ မှားအောင်ပြစ်ရှာ၊ ကြံတတ်စွာသား၊ မေတ္တာချည်းနှီး၊ လူ့ခွေးမြီးနှင့်၊ တသီးမခြား၊ တစ်ပါးပြည်ရွာ၊ မရှောင်သာ၍၊ မကွာပေါင်းဖော်၊ ပြုရ သော်လည်း၊ အပေါ်ကားယှဉ်၊ အထဲကြဉ်၍၊ စိတ်လျှင်နှိမ့်ချ၊ အာဝါဆ၍ ကာလအလိုက်၊ သူ့အကြိုက်ကို၊ စရိုက်ညီထွေ၊ ကျင့်တတ်စေ။

ဂမ္ဘီသာရပျို့ – ရှင်မဟာရဋ္ဌသာရ

မိတ်ဆွေတုများမှာ အတွင်းဝင်ပြင်ထွက် ပေါင်းသင်းဆက်ဆံ၍ အတွင်းရေးတို့ကိုလည်း အသိပေးခြင်းခံရသဖြင့် တကယ်တမ်းအကျိုးမဲ့ ကို ပြုစေမည်ဆိုလျှင် မိမိအတွင်းရေးကိစ္စ အပြုအမူတို့ကို မသိသော ရန်သူများထက် ခရီးရောက်နိုင်ပေသည်။ ဤကိုရည်၍ မိတ်ဆွေတု သည် ရန်သူထက်ဆိုးဝါး၏ဟူသောစကားပုံကို တီထွင်ခဲ့ကြလေသည်။

လူတို့သည် အသက်ရှည်စဉ်ပြုလုပ်ရမည့် ဝတ္တရားကား များ ပြားလှပေ၏။

mgyoe.com

mgyoe.com


Lite is short, art is long, opportunity fleeting, experment uncertian, and judgement diffieult

**Hippocraies**

ဟစ်ပိုကရိတီဆိုသူ ပညာရှိကြီးတစ်ဦးက ၎င်း၏ ဆေးသဒ္ဒကထာတွင် "အသက်သည် တိုတောင်း၏။ သုခုမအတတ်ကား ရှည်လျား၏။ အခါကောင်းအခွင့်ကား လျင်မြန်စွာ ပြေးသွားတော့၏။ စုံစမ်းခြင်းကား မသေချာ၊ ဝေဖန်ဆုံးဖြတ်ခြင်းကား ခက်ခဲလှ၏ " ဟု ဆိုထားလေသည်။

သက်တမ်းတွင် ပျော်ရွှင်မှု အောင်မြင်မှုတို့သည် ကျွန်ုပ်တို့အဖြစ်အပျက်ပေါ်၌ တည်သည်မဟုတ်၊ ကျွန်ုပ်တို့ကိုယ်တိုင်ပေါ်တွင်သာ တည်ရှိပေ၏။ ဘယ်သူမပြု မိမိမှုဆိုသကဲ့သို့ လူများမှာသူတစ်ပါးဖျက်ဆီးသည်ထက် ကိုယ့်ကိုယ်ကိုယ်ဖျက်၍ ပိုမိုပျက်စီးကြရလေပြီ၊ အိမ်များ၊ မြို့ကြီးများမှာ လေပြင်းမုန်တိုင်း မြေငလျင်များထက် လူတို့လက်ဖြင့် ဖျက်ဆီးသည်က များပေသေး၏။ သရက်သီးကို ဖျက်သည်ကား ၎င်းအတွင်းရှိ သရက်ပိုး၊ လူကိုရောဂါရစေသည်ကား ဝမ်းတွင်းရှိပိုးမျိုး ၈၀ ဖြစ်၏။

ပျက်စီးခြင်းကား ၂ မျိုး ၂ စားရှိ၏ အချိန်ကဖျက်ခြင်း လူကဖျက်ခြင်းတို့ပင်တည်း။ အပျက်တကာတို့တွင် လူကြောင့်ဖြစ်သောအပျက်သည် အဆုံးဝါးဆုံး ဖြစ်၏။ ထို့အပြင် လူ၏အဆိုးဝါးဆုံးသောရန်သူသည်၊ ၎င်း၏အတွင်းစိတ်ပင် ဖြစ်ပေ၏။

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ပတ်ဝန်းကျင်နှင့် သင့်တင့်အောင် ပြုပြင်ရပေမည်။ ပတ်ဝန်းကျင်ကို မိမိနှင့်သင့်တင့် ညီညွတ်အောင် ပြုပြင်ရန် မလိုပေ။

mgyoe.com

mgyoe.com


လူတို့မှာ မိဘဆွေမျိုး မိတ်ဆွေစသည်တို့အပေါ်တွင် မှီခိုနေသမျှ ကာလပတ်လုံး လူမှုရေးရာကို ခက်သည်ဟု မထင်မြင် မယူဆကြချေ၊ သစ်ပင်ကိုနွယ်၍ ကြီးရသော ချုံနွယ်များကဲ့သို့ ဖြစ်၏။ သစ်ပင်တည်းဟူသော မှီခိုရာ လဲကျမှသာလျှင် နွယ်တည်းဟူသော သူတစ်ပါးနှာခေါင်းဖြင့် အသက်ရှူသူတို့မှာ လဲလျောင်းအားကိုးရာမဲ့ ဖြစ်သဖြင့်၊ နေမှုထိုင်မှု၊ ဝတ်စားပျော်ပါးမှုစသော ဘဝ၏ အခက်အခဲတို့ကို နဖူးတွေ့ဒူးတွေ့ တွေ့ရှိလာကြပေ၏။

လူပျို၊ အပျိုဘဝထက် အိမ်ထောင်သည် အဖြစ်ထမ်းဆောင်ရသော တာဝန်သည်များစွာ ကြီးလေးဘိ၏။ သားရေး၊ သမီးရေး၊ မိဘရေး၊ ယောက္ခမရေး၊ အိမ်နီးချင်းတို့၏ အရေး၊ ဆွေမျိုးအရေး၊ တိုင်းပြည်အမျိုးသားအရေး၊ ရဟန်း၊ ပုဏ္ဏား၊ ဖုန်းတောင်းယာစကာတို့၏ အရေး၊ အဆွေခင်ပွန်း ဆရာတပည့်တပန်းတို့၏အရေး၊ သာသနာဘာသာ၊ ပညာအရေးစသည်ဖြင့် များမြောင်လှရကား။

"ဃရာဝါသ၊ သမ္ဗာဓဟု၊ ကိစ္စများမြောင်၊ လူတို့ဘောင်တွင်၊ အိမ်ထောင်သက်မွေး၊ ခြံနွယ်မြွေးသား၊ လူရေးကျယ်စွ၊ လူ့ကိစ္စ" ဟုဆိုစမှတ်ပြုကြ၏။

လူတို့နေထိုင်ရာ အရပ်သည်လည်း အရေးကြီးပေသေး၏၊ လောကီနှင့်သက်ဆိုင်သော အကျိုးစီးပွား မဖြစ်ထွန်းသောအရပ်၊ လောကုတ္တရာနှင့် သက်ဆိုင်သော အကျိုးတရား မပွားများသည့် အရပ်တို့တွင် နေထိုင်ခြင်းငှာ မသင့်ကြပေ။ အရောင်းကြီးအဝယ်ကြီး၊ ဆိပ်ကြီးကမ်းကြီး ရှိသောနေရာ၊ ရထားလမ်း၊ ကားလမ်းကျသော နေရာတို့တွင် နေထိုင်မှသာလျှင် အကြံအစည် အလုပ်အကိုင် ဖွံ့ဖြိုးလျက်ကြီးပွားနိုင်လေသည်။ ကုန်းခေါင်ရာအရပ်၊ လှည်းလမ်းဆုံးရာ အရပ်၊ ထွက်ကုန်ဝင်ကုန် မရှိသောအရပ်တို့တွင်သာ နေထိုင်ပါမူ အလုပ်အကိုင် အကြံ

mgyoe.com

mgyoe.com


အစည်တို့မှာ အောက်တန်းကျပြီး စိတ်ဆန္ဒ ဓာတ်တို့မှာလည်း ဖွံ့ဖြိုးထွားကျိုင်းခြင်း မရှိတော့သဖြင့် တဖြည်းဖြည်း သေးသိမ်သွားရန်သာရှိတော့၏။ စီးပွားရေးလမ်းကို မြင်စွမ်းနိုင်သော ပညာမျက်စိအမြင်တို့မှာလည်း၊ မှေးမှိန်ကျဉ်းမြောင်းလျက် အောက်ကျနောက်ကျဖြစ်ကာ ကြီးပွားရာကြီးပွားကြောင်း၊ နည်းကောင်း လမ်းမှန်တို့ကို မထင်မြင် မကြိုးစားနိုင်တော့ဘဲ နေမြဲထိုင်မြဲအတိုင်း၊ မိမွေးတိုင်း ဖမွေးတိုင်း၊ လူရိုင်းတို့ အလေ့အထကဲ့သို့ မိမိတို့ဘဝကို ဆုံးရှုံးစေတော့၏။

တစ်ကမ္ဘာလုံး အရောင်းအဝယ် ညံ့ဖျင်းလျက်ရှိသော ယခုခေတ်အခါတွင် လူတို့သည် အသက်ရှင်မှုအတွက်သာ၍ပင်၊ အားသွန်ခွန်စိုက် လုံးပန်းနေရသော သမယဖြစ်သဖြင့် နေရာဌာနကို ရွေးချယ်ရန်သာ၍ အရေးကြီးလေသည်။ မြို့တစ်မြို့တည်းတွင်ပင် အရောင်းအဝယ်သွက်လက်သော လမ်းမကြီးများ၊ ဈေးအနီးအနားတစ်ဝိုက်၊ ကားလမ်း၊ ရထားလမ်း၊ လှေလမ်းဆုံရာ အရပ်တို့၌ တိုက်တာအိမ်စသည်တို့မှာ၊ အရောင်းအဝယ် မကောင်းသော ချောင်ကျသည့် အိမ်များထက်ငွားခလေးငါးဆပိုပေးရသည်မှာ ထင်ရှားသောသာဓကေဖြစ်ပေသည်၊ အရောင်းအဝယ်၏ အလယ်ချက်မ ဗဟိုတွင်၊ ဆိုင်ခန်းကလေးတစ်ခန်းရခြင်းဖြင့် မကြာမီ ကြီးပွားထွန်းကားနိုင်သော်လည်း မြို့အပြင်ဘက်ကျကျ အိမ်ကြီးတစ်အိမ်တွင် နေထိုင်ရခြင်းဖြင့်၊ မိုးခကာခ စရိတ်ကြီးလေးရုံမှ တစ်ပါးအခြားကျေးဇူးမရှိနိုင်ပေ။

ထိုအပြင် မိမိ၏အကျိုးကို လိုလားသူတို့နေရာ၊ သဘောထားမြင့်မြတ်၍ ကိုယ့်အကျိုး သူ့အကျိုးကို သိတတ်သူတို့နေရာတွင် ရွေးချယ်၍ နေမှသာလျှင် သူတော်ကောင်းတို့၏ အလေ့စရိုက်ကို နည်းယူရခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းနိုင်လေသည်။ ထိုသို့သော နေရာများတွင် နေထိုင်စေလိုသော မြတ်စွာဘုရားသည် ပဋိရူပဒေသဝါသတရားကို

mgyoe.com

mgyoe.com


ဟောကြားတော်မူခဲ့၏။ ပဋိရူပဒေသဝါသဆိုသည်မှာ သင့်တင့် လျောက်ပတ်သော အရပ်ဒေသတို့၌ မှီခိုနေထိုင်ရခြင်းကိုဆိုလိုပေကြောင်း၊ ထိုသို့နေရာ၏ ပြည့်စုံခြင်းကိုပင် ဒေသသမ္ပတ္တိဟူ၍လည်းကောင်း၊ ဌာနသမ္ပတ္တိဟူ၍လည်းကောင်း ခေါ်ဆိုအပ်လေသည်။ မိမိနှင့် သင့်တင့်ညီညွတ်သော မိတ်ဆွေသဟာယမရှိဘဲ ရန်လိုမုန်းထားသောသူ၊ မိမိအပေါ်၌ မိစ္ဆာဝန်တိုများသော သူတို့နေထိုင်ရာအရပ်၊ ရောဂါ အန္တရာယ် ထူထပ်ပေါများသောအရပ်၊ သူတော်မဟုတ် လူယုတ်လူမိုက်တို့ နေထိုင်ရာအရပ်တို့တွင် များစွာ ငြိုငြင်ရသည်ဖြစ်၍ မနေအပ်ကြပေ။

မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ ဆိုသကဲ့သို့ ပတ်ဝန်းကျင်တွင် ရှိသော သူတို့၏မကောင်းသော အကျင့်စရိုက်ဆိုးတို့မှာ မိမိ၏သဏ္ဍာန်သို့ ကူးပြောင်းလာတတ်သဖြင့် ပစ္စုပ္ပန် သံသရာနှစ်ဖြာသော အကျိုးကို ယုတ်လျော့စေ၏။ ထိုကြောင့် "ခါးတောက်မြစ်ယှက်၊ စိုက်ရောဘက်က၊ သရက်ပင်မင်း၊ သီးချိုကင်း" ဟု ပညာရှိတို့ စပ်ဆိုခဲ့လေသည်။

ထိုကဲ့သို့ မကောင်းသောအရပ်၊ လောကီ အစီးအပွား လောကုတ္တရာ အစီးအပွားတို့ကိုဖြစ်စေခြင်းငှာ မတတ်နိုင်သော အရပ်ဆိုးတို့တွင် နေထိုင်ခြင်းငှာ မသင့်ကြောင်းကို စာဏကျမည်သော ဗြာဟ္မဏဆရာကြီးက။

"ကုဒေသဥ္စ၊ ဆိုးဝါးယုတ်ညံ့သော အရပ်ဌာနတို့ကို ဝိစက္ခဏော၊ ပညာရှိတို့သည်။ ဝိဝဇ္ဇယေ၊ ဝေးစွာရှင်း၍ ဖယ်ကွင်းရာ၏" ဟု မိန့်တော်မူပေ၏။

လူတို့သည် မိမိတို့ ကိုယ်ကို မိမိတို့အချည်းနှီးဖြစ်အောင် ပြုလုပ်ကြကုန်၏။ မနာလိုစိတ်ကို မွေးမြူခြင်း၊ မစူးစမ်းဘဲ ပြစ်မှားတတ်ခြင်း၊ ကိုယ်ဖို့ကိုသာ ကိုယ်ယက်ခြင်း၊ စည်းမဲ့ကမ်းမဲ့နေထိုင်သွားလာခြင်း၊

mgyoe.com

mgyoe.com


ကြွေးတင်ခံခြင်း၊ အစားအသောက်တွင် အလွန်ပြုခြင်း၊ ကျန်းမာခြင်းကို ပေယျာလကန်ထားခြင်းတို့ဖြင့် လူ့ဘဝကို ဆုံးရှုံးစေတော့၏။

မည်သည့်အရာတွင်မှ အလွန်အကြူး မကျင့်ရာ၊ အစားအသောက်၏ အတိုင်းအရှည်ကို သိခြင်းတည်းဟူသော ဘောဇနေမတ္တညုတာတရားကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

Courage in exeess becomes foolhardiness,
affection weakness, thrift avarice.

**Lord Avebury**

တင်းလွန်းခြင်း လျော့လွန်းခြင်း မရှိစေရာ၊ အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါတရားကို တစ်ဘဝလုံးလက်ကိုင် ထားသင့်ကြလေသည်။ အရာရာတွင် အလွန်အကြူးယူဆ အသုံးပြုခဲ့သော် ခွန်အားဗလသတ္တိအင်အားမှာ မိုက်ရူးရဲဖြစ်တော့၏။ ငဲ့ညှာထောက်ထားခြင်းသည် ညံ့ဖျင်းခြင်းဖြစ်၏။ ချွေတာခြင်းသည် ရမ္မက်လောဘဖြစ်တော့၏ဟု လော့ (ဒ) အဗီကြူရီက ပြောခဲ့လေသည်။

လူတို့၏ ဘဝသည် ပန်းမွေ့ရာခင်းထားသည် မဟုတ်၊ စစ်မြေပြင်အရပ်လည်း မဟုတ်ပေ။ မရနိုင်သည်ကို တောင့်တခြင်း၊ လွှဲရှောင်ခြင်းငှာ မတတ်နိုင်သည်ကို ကြေကွဲဝမ်းနည်းခြင်း၊ နားမလည်သည်တို့ကို ပြောဆိုခြင်းတို့ဖြင့် လူ့ဘဝကို အရုပ်ဆိုးစေတော့၏။ ဖြုန်းတီးပစ်တော့၏ ။

အသက်မွေးဝမ်းကျောင်းမှာ နှစ်မျိုးရှိ၏၊ ကောင်းသော အသက်မွေးခြင်း၊ (အပြစ်ကင်းသော) သမ္မာအာဇီဝနှင့်၊ မကောင်းသော အသက်မွေးခြင်း၊ (မတရားသော) မိစ္ဆာဇီဝဖြစ်ပေ၏။ မကောင်းမှု မတရားသဖြင့်

mgyoe.com

mgyoe.com


ရရှိအပ်သော ငွေကြေးဖြင့် တိုက်တာခြံမြေ၊ မော်တော်ကား စသည်တို့ဖြင့် ခမ်းနားကြီးကျယ်စွာနေရခြင်းထက် တရားသဖြင့် ရအပ်သော မိမိချွေးနဲ့စာဖြစ်သော အနည်းငယ်သော ငွေကြေးဖြင့် ထမင်းကို ဆားဖြူး၍ စားသောက်ရခြင်းက သာလွန်မွန်မြတ်၍ လောက သံသရာ နှစ်ဖြာလုံးတွင် ကာယသုခ၊ စိတ္တသုခတို့ကို ရရှိနိုင်ပေသည်။

အချို့သောသူများသည် ကံကိုပုံ၍ ယုံကြည်ကြ၏ လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ဖြစ်ရမည့်ကိစ္စကား ဖြစ်ရမည်ရှောင်လွှဲ၍ မရဟုယူဆကာ စိတ်ကိုလျှော့လိုက်တတ်ကြ၏။ အထက်သြဇာအာဏာက ခန့်ခွဲသမျှ စီမံသမျှကို ငုံ၍ခံကြ၏။ ကျနသော သိပ္ပံအတတ်သည်၊ လောကတွင် အထင်အရှား ရှိရကား အချိန်တည်းဟူသော သမုဒ္ဒရာရေကြောတွင်၊ တက်မကိုနိုင်နင်းစွာ ကိုင်၍လိုရာ ခရီးသို့ ရောက်အောင် သွားရာ၏။ ရေသင့်ရာ၊ လေပင့်ရာသို့ မျောချင်တိုင်း မျောစေတော့ဟု လက်လျှော့ကာ မိမိတို့၏ဘဝကို မဖြုန်းသင့်ကြပေ။

လူတို့တွင် ရည်ရွယ်ချက်၊ မျှော်လင့်ချက် ကိုယ်စီကိုယ်င ရှိကြရပေမည်။ မျှော်လင့်ချက်မရှိသော သူ၏ဘဝသည် အဖိုးတန်တော့မည်မဟုတ်ပေ။ မျှော်လင့်ချက်ပင်လျှင် လူ၏အသက်ကို ဆက်ပေးနေတော့။ အောက်တန်းအကျဆုံးဟု သဘောထားခြင်းခံရသော သူတောင်းစားဒွန်းစဏ္ဍားတို့၌ပင်လျှင် မျှော်လင့်ချက်ရှိရမြဲ ဖြစ်ပေ၏။ စိတ်ကိုလျှော့လျက် မျှော်လင့်ချက်ကင်းသည်နှင့် တစ်ပြိုင်နက် အသက်မရှိသကဲ့သို့ဖြစ်တော့၏။ စစ်မြေပြင်တစ်ခုတွင် ဘာမျှဒဏ်ရာမရှိဘဲ သေနေသော စစ်သားအလောင်းတစ်ခုကို တွေ့ရှိကြရာ ထိုသူသေရခြင်း အကြောင်းရင်းမှာ မိမိအနီးအနားရှိလူများ ကစဉ့်ကလျား သေဆုံးကြသည်ကို မြင်သဖြင့် ငါလည်းလွတ်မည်မဟုတ်၊ သေပေတော့အံ့။ သေပြီ၊ ငါသေပြီ၊ မတတ်နိုင်တော့ပြီဟု စိတ်ကိုလျှော့လိုက်သည်နှင့် တစ်ပြိုင်နက် စိတ်နှင့်

mgyoe.com

mgyoe.com


အတူ အသက်ပါသွားဟန်ရှိကြောင်း စိတ်ပညာဆရာများက ယူဆခြင်းမှာ များစွာ ယုတ္တိတန်ပေသည်။

စိတ်နှင့်ပတ်သက်သော ပညာတစ်ရပ်ရှိပေ၏။ ထိုပညာကို ဆန္ဒသတ္တိခေါ် စိတ်၏တန်ခိုးကို သင်ကြားလေ့လာသော ပညာဖြစ်ပေသည်။ ထိုပညာ၏အဓိကလုပ်ငန်းမှာ တစ်ခုခုတွင် စိတ်ကိုစွဲစွဲမြဲမြဲ ဝင်စားစေရန်ဖြစ်၍ အာရုံများရသော လုပ်ငန်းမျိုးမဟုတ်ချေ၊ အကြောင်းတစ်ခုခုအပေါ်တွင် စိတ်ကို အစဉ်အာရုံပြု၍ ဝင်စားကာ၊ အခြားသောကိစ္စတို့ကို စိတ်မကူးရဘဲ၊ မိနစ်ပေါင်းများစွာ၊ နာရီပေါင်းများစွာ၊ ရက်ပေါင်းများစွာ အာရုံစိုက်ရသော အလုပ်ဖြစ်ပေသည်။ ထိုဆန္ဒသတ္တိဖြင့် အလိုရှိသမျှ ရယူနိုင်သည်ဟု စိတ်ပညာဆရာကြီးများ ယုံကြည်ကြလေသည်။

ထိုအယူမှာ ကမ္ဘာဦးဝါဒနှင့် တူညီပေ၏။ ကမ္ဘာဦးအခါက နေ့တွင် နေ၏ရောင်ခြည်ဖြင့် လင်းနေသော်လည်း ညအခါ မှောင်အတိကျနေသဖြင့် အလင်းရောင်ပေးမည့် ပစ္စည်းတစ်ခုခုကိုများစွာ လိုလားတောင့်တလျက် စိတ်ကို ထိုအလင်းရောင်ပေးမည့် ပစ္စည်းတစ်ခုထဲတွင်သာ ကိန်းဝပ်စေလျက် အာရုံတစိုက်တောင့်တ မျှော်မှန်းကြရကား၊ ကောင်းကင်ပြင်တွင် လဗိမာန်ပေါ်တွင် လာရတော့၏။ ထိုကမ္ဘာဦးသူတို့၏တောင့်တသော စိတ်ဆန္ဒကို ဖြည့်စွမ်းစေနိုင်သော လကို အလိုဆန္ဒကို ပြည့်ဝစေသောကြောင့်၊ ကမ္ဘာဦးအမည်အားဖြင့် "စန္ဒရ" ပါဠိဘာသာအားဖြင့် စန္ဒဟု ခေါ်ဝေါ်ကြလေ၏။ (ဤကား၊ အာဒိကပ္ပမည်သော ကမ္ဘာဦးကျမ်းအလိုတည်း။)

ပညာသင်ကြားသူများအနက် ဝိဇ္ဇာတန်းလောက်မှန်းမှ ၁၀ တန်းလောက် အနိုင်နိုင်အောင်၍ ၁၀ တန်းလောက် မှန်းနိုင်သောသူမှာ ၇ တန်းလောက်တွင်တင်၍ ၇ တန်းလောက်သာ မှန်းနိုင်သောသူမှာ ၃–၄ တန်းကပင် မတက်နိုင် ဖြစ်တတ်လေသည်။

mgyoe.com

mgyoe.com


လူ့ဘဝတွင် ပျော်မြူးခြင်း၊ သာယာခြင်းတို့မှာ အိပ်မက်မဟုတ်၊ တကယ့်အစစ်အမှန် ဖြစ်လေသည်။ လူတို့သည် (နှစ်လိုဖွယ်ဟု ဣဋ္ဌာရုံ အမည်ရှိသည်တို့ကို အားတက်သရော ပြုလုပ်ကြ၏။ အကယ်၍ ထို အလုပ်မျိုးကို အခြားအမည်တစ်ခုခုသို့ ပြောင်းလိုက်ပါက လုပ်လိုကြမည် မဟုတ်၊ မုန်းပင်မုန်းတီးသွားကြပေလိမ့်မည်။ ခွေးသားကို အမဲသားဟု လိမ်လည်ရောင်းချရာ အလုအယက် ဝယ်ယူစားသောက်ရာ ဘာမျှမထူး ခြားသော်လည်း လူတစ်ယောက်က ဒါခွေးသားတွေဟု သတိပေးလိုက် သည်နှင့်တစ်ပြိုက်နက် မြိန်ရေရှက်ရေ စားသောက်ခဲ့သူတို့မှာ အော့သူ အော့ အန်သူအန် ဖြစ်ကြကုန်၏။

ဗုဒ္ဓဘာသာ တရားတော်သည် နူးညံ့သိမ်မွေ့လှ၏။ မြန်မာလူ မျိုးများမှာ ဗုဒ္ဓဘာသာဟုဆိုစေကာမူ အချို့သောသူများမှာ ဘာသာရေး ပညတ်ချက်များကို ထိထိရောက်ရောက် ဂရုမစိုက်ကြဘဲ၊ မိမိတို့ သဏ္ဍာန် တွင် နှစ်သက်သမျှတို့ကို လုပ်လေ့ရှိကြ၏။ အရက်သောက်ခြင်း၊ ဖဲက စားခြင်း၊ အသက်သတ်ခြင်း၊ သူများသားမယား၌ တပ်မက်ပြစ်မှားခြင်း တို့ကို ပြုလုပ်ကြခြင်းဖြင့် ဒုစရိုက်မှုကို ငွေဖြင့်လည်းကောင်း၊ ထောင်ဒဏ် တစ်ကျွန်း စသည်တို့ဖြင့်လည်းကောင်း ဝယ်ယူကြသူများ ဖြစ်ကြလေ သည်။

ဘာသာခြားတို့၏ တရားမှာ ဗုဒ္ဓဘာသာတရားတော်လောက် ကျပ်တည်း ကျဉ်းမြောင်းစွာ တားမြစ်ထားခြင်း မရှိရကား အရက်ဆိုင် တည်ခြင်း၊ ဘဲမွေးခြင်း၊ ဝက်မွေးခြင်း စသော ဒုစရိုက်မှုဖြင့် အသက် မွေးကြကုန်၏။ ဒုစရိုက်ကျူးလွန်ခြင်းတူလျှင် ဗုဒ္ဓဘာသာဝင်တို့မှာ ဒုစရိုက်အတွက် ငွေကုန်၍ ဘာသာခြားတို့မှာ ဒုစရိုက်အတွက် ငွေရကြ ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သဘောမှာ မြန်မာလူမျိုးတို့သည် ဒုစရိုက် မှုများကို မရှောင်နိုင်ကြပါမူ ဘဲ၊ ကြက်၊ ဝက်၊ မွေးခြင်းတို့ဖြင့် ဒုစရိုက်ကို

mgyoe.com

mgyoe.com


ငွေဖြင့် ရောင်းစားလဲလှယ်သင့်သည်ဟု သဘောရပေကြောင်း။

ထိုအလုပ်မျိုးမှာ မိစ္ဆာဇီဝ ဖြစ်သည်ကားမှန်ပေ၏။ သို့သော် မိစ္ဆာဇီဝအတွက် အပါယ်ကျခံရခြင်းမှာ သုရာကံ၊ မုသာဝါဒကံ၊ အဒိန္နာ နဒါနာကံ၊ ကာမေသုမိစ္ဆာ စာရကံတို့နှင့် သံသရာဝန်လေးခြင်း အတူတူ ဖြစ်ရကား၊ မိစ္ဆာဇီဝ အသက်မွေးနည်းက လောကကြောင်းတွင် စီးပွား ရေးဘက်က တစ်ပန်းသာနေပေကြောင်း။

ငယ်ရွယ်သူများ ဘဲ၊ ကြက်၊ မွေးမည်ဆိုလျှင် လူကြီးများက မိစ္ဆာဇီဝတရားပြသဖြင့်၊ မလုပ်ရဘဲရှိပေတတ်၏။ ထိုအသက်မွေးမှုကို ပြင်းပြင်းထန်ထန် ကန့်ကွက်သောသူများ၌ ပစ္စည်းဥစ္စာချို့တဲ့လျက် သမီး ချောကလေးတစ်ယောက်ရှိ၍ ဘဲ၊ ကြက်၊ မွေး၍ ချမ်းသာလာသော သူတစ်ယောက်က မယားပြုမည် တောင်းဆိုလာသော် ဝက်သတ်သူမှန်း သိလျက်၊ ငွေမျက်နှာလိုက်ကာ သမီးချောကလေးအား ဘာသာမတူ အယူလွဲကွဲသူ ထံ ဝကွက်၍ အပ်နှံလိုက်တော့ကြောင်း၊ ဝက်သတ်သူဘဲ သတ်သူဟု မရှုံ့နိုင်၊ မမုန်းနိုင် မိမိတို့ကိုယ်ကို တရားမချနိုင်တော့ပြီ။

"ဘုရားအကြိုက်၊ တရားသို့လိုက်လျှင်လည်း လူ၌ အရေးညံ့လေသည်။"

ဦးပုည

ဤကား ဒုစရိုက်မှုကို အားပေးလို၍ မဟုတ်ပေ။ အခြား လုပ်စ ရာအလုပ် မမြင်သဖြင့် အရေမရ အဖတ်မရ ဒုစရိုက်ကောင်ဘဝဖြင့် ငွေမရဘဲ ရောက်သွားကြရမည်ကို စိုးရိမ်သောကြောင့် ဒုစရိုက်ကို တကယ်တမ်း မရှောင်နိုင်က ဝယ်ယူမည့်အစား ရောင်းစားသင့်ကြောင်း၊ ကောင်းမြတ်သော မနသီကာရဖြင့် ဖော်ပြရခြင်းဖြစ်ပေကြောင်း။

mgyoe.com

mgyoe.com


နေမှုထိုင်မှုအတွက် အိုးအိမ်သည်များစွာ အရေးကြီးလေသည်။ အိုးအိမ်အတည်တကျမရှိသောသူမှာ အလုပ်အကိုင်အတွက် ငြိုငြင်ရလေသည်။ အရောင်းအဝယ်သွက်လက်၍ အကျိုးပေးသောနေရာ၌ နေလိုသော်လည်း မိမိပိုင် အိမ်ရာမရှိသဖြင့် အိမ်ရှင်က အလိုမရှိသောအခါ အမြန်ဆုံး ပြောင်းရွှေ့သွားရသဖြင့် စိုက်ထူပြီး အခြေအနေမှာ ပျက်စီးခြင်းသို့ ရောက်ပေတော့၏။ ဆင်းရဲနွမ်းပါးသူတို့မှာ အိုးအိမ်ရှိပြီးဖြစ်မူ အိမ်အတွင်းစားရသမျှနှင့် တင်းတိမ်လျက် အခြေမပျက်နေနိုင်သော်လည်း အိမ်တည်းဟူသော အရိပ်အာဝါသကင်းမဲ့သူတို့မှာ အိမ်ခမပေးနိုင်သောကြောင့် ဟိုပြေးရသည်ပြေးရနှင့် များစွာ ငြိုငြင်ဖွယ်ဖြစ်တော့၏။ ထို့ကြောင့် အိမ်ထောင်သားမွေးပြုသူတို့မှာ ပထမအိုးအိမ်ရှိအောင် ကြိုးစားရပေမည်။

ဝ

mgyoe.com

mgyoe.com

# အခန်း – ၂
# နေသားတကျစီမံခြင်း

လူတို့၏ဘဝသည် ရှုပ်ထွေးလှ၏။ ကမ္ဘာလောကကြီးကား ပျိုမျစ်နုနယ်သေး၏။ ကျွန်ုပ်တို့သည် ဘဝ၏အခြေအနေကို နားလည်မည်ဝေးစွ ပတ်ဝန်းကျင်တို့၏ အသုံးဝင်ပုံ၊ သဘာဝသတ္တိ၊ အဆီအနှစ်အရသာတို့ကိုပင် ကုန်စင်အောင် မသိနိုင်ကြသေးပေ။ လူ့ဘဝတွင် အောင်မြင်ရန် လမ်းမှာ ပြန့်ပြူးသာယာ၊ ညီညာတင့်ဆန်းပန်းပေါင်းစုံညီ၊ ခင်းအပ်သည်မဟုတ်၊ ဆူးညှောင့်ခလုတ်၊ ကျောက်ဆောင်စသော အခက်အခဲဘေးအန္တရာယ်တို့ဖြင့် ပြည့်နှက်၍နေရကား လေပြည်ကလေး တသွေးသွေးနှင့် အေးအေးသက်သာအောင်မြင်ပြည့်စုံနိုင်ကြသည်မဟုတ်ပေ။ ပခုံးတစ်ပြန် ဒုံးတစ်ပြန်နှင့် ပင်ပန်းကြီးစွာ လုပ်မှသာ အောင်မြင်နိုင်လေသည်။ ထိုထက် အလုပ်စခန်းတို့၏ ပရိယာယ် အချိုးအစားတို့ကို သေချာဂနစွာသိသဖြင့် ပညာဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားကာ လုပ်ကိုင်ခြင်းက ပို၍ ခရီးရောက်လေသည်။ နေသားတကျ မစီမံတတ်ကြသဖြင့် မိမိတို့ကိုယ်ကို မိမိတို့ညှဥ်းဆဲခဲ့ကြလေပြီ။ ဥပဒ်ရောက်စေခဲ့လေပြီ။

mgyoe.com

mgyoe.com


သို့သော် ပထမအဖို့ အနှောင့်အယှက် တွေ့ခြင်းကိုပင် သုမင်္ဂလာဟု ယူဆကြရပေမည်။ လူတို့သည် တစ်ခါတစ်ရံ လောကကြီးကို စိတ်ဆိုးကြ၏။ စင်စစ်မှာမူ အသက်မရှိသော လောကကြီးကို စိတ်ဆိုးစရာ ပြစ်တင်စရာမဟုတ်၊ လောကအတွင်း မှီတင်းနေထိုင်ကြသော သတ္တဝါအနန္တတို့အထဲတွင် ဉာဏ်ပညာ အမြော်အမြင်ရှိသည်ဟု ဂုဏ်ယူလျက်ရှိသော လူတို့ကိုသာ စိတ်ဆိုးရမည်ဖြစ်ပေ၏။

ကမ္ဘာလောကကြီးကား၊ ကြေးမုံသဖွယ် ဖြစ်၏။ လူတို့ ပြုံးလျှင် ပြုံးခြင်း မျက်မှောင်ကြုတ်လျှင် ကြုတ်ခြင်းလိုက်၍ လုပ်နေတော့၏။ ကမ္ဘာကို မျက်မှန်နီတပ်၍ကြည့်က နှင်းဆီရောင်ထနေ၍ မီးခိုးနှင့်ဝေနေသော မှန်ဖြင့်တပ်ကြည့်က ကမ္ဘာကြီးမှာ မှုန်ပြာရီ၍နေတော့အံ့။

သုခနှင့် ဒုက္ခသည်လည်းကောင်း၊ မင်္ဂလာနှင့် အမင်္ဂလာသည်လည်းကောင်း၊ အကောင်းနှင့် အဆိုးသည်လည်းကောင်း အစဉ်ဒွန်တွဲ၍ နေရာ အကောင်းချည်း သက်သက်၊ အဆိုးချည်း သက်သက်ဟု မရှိနိုင်ပေ...။

"Even the darkest cloud has the silver llning"

အမိုက်မှောင်ဆုံးသော မိုးသားတွင်ပင် ငွေရောင်အနားရေးရှိပေသေး၏ဟု သိုးဆောင်းစကားပုံတစ်ခုရှိလေသည်။ လူတို့မနှစ်လိုကြသော မစင်ဘင်ပုတ်သည်ပင် သစ်ပင်များအတွက် အကောင်းဆုံးသော ဩဇာဓာတ်ကို ဖြစ်စေ၏။ အတွင်းအရသာရှိသော ပိန္နဲသီးမှာ အပေါ်တွင် ဆူးရှိ၏။ အဖိုးမတန် အသုံးမဝင်သော ကျီးအာသီး၊ ပေါက်ပန်းပွင့်တို့မှာ အပေါ်ယံအားဖြင့် အလွန်ပင် တင့်တယ်လှတော့၏။ နံစော်လှသော ညွန်ဗွက်မှ အဆင်းအနံ့နှင့် ပြည့်စုံသော ကြာပဒုမ္မာပေါက်၏။ ပညာပါ

mgyoe.com

mgyoe.com


ရဂုဖြစ်သော ရှိတ်စပီးယားမှာ ပညာတစ်ခုကို ၃ မိုး ၃ ဆောင်း သင်မှ တတ်သော သားတစ်ယောက်ဖွားမြင်လေ၏။

ထို့ကြောင့် အရာဝတ္ထုတိုင်းတွင် အဆိုးချည်းမယူရာ၊ အကောင်းဘက်ကလည်း ယူကြရပေမည်။

> We must not complain that reses have thorns but father be grateful that thorns bear flowers.
>
> **Lord Avebury**

မွေးကြိုင်လှသော နှင်းဆီပန်းတွင် ဆူးရှိသည်ဟူ၍ အပြစ်မတင်ရာ၊ ဆူးပင်များတွင်ပင် ရနံ့မွှေးသော ပန်းကလေးများ ပွင့်ပါကလားဟု ကျေးဇူးပင် တင်ရပေဦးမည်။

> Life is a comedy to those who think And a tragely to those who feel.
>
> **Walpole**

လူတို့၏ဘဝတာသည် စိတ်ကူးယဉ်နေသူများအဖို့ ပျော်ရွှင်ဖွယ်ဖြစ်သော်လည်း လောကခံကို ခံနိုင်ရည်မရှိသော သူများအဖို့ လွမ်းဇာတ်အိမ်ကြီးဖြစ်တော့၏ဟု ဝါ(လ)ပို က ပြောခဲ့လေသည်။ လူ့ဘဝမှာ တစ်ခါတစ်ရံသာ လွမ်းဇာတ်၊ လွမ်းခန်းဖြစ်၍ အခါများစွာသော ခန်းဖြစ်တတ်လေသည်။

မျှော်လင့်ခြင်း အားကိုးခြင်း၊ လာဘ်၏ ရှေ့ပြေးနိမိတ်များမှာ

mgyoe.com

mgyoe.com


လူ့ဘဝကို ရှင်ပြုံးစေနိုင်သည်ဟု ယုံကြည်စေကာမူ နှစ်ပေါင်းများစွာ ပျော်ရွှင်ရသည်တို့ကို အမှုမဲ့ အမှတ်မဲ့ ကုန်လွန်စေပြီးလျှင် သောကဖြစ်ဖွယ်ရာတို့ကိုမူ ပေါ်လာတိုင်း ပေါ်လာတိုင်းသော ခဏတာကလေးများ ကိုပင် ရေတွက်ယူဆ ပူဆွေးကြကုန်၏။ ကျန်းမာခြင်း ကုံလုံကြွယ်ဝခြင်းကြောင့် သွေးကြီးမဝင်သင့်ပေ။ သောကဗျာပါ ဖြစ်ဖွယ်ရာတို့ကြောင့်လည်း ကောင်းကျိုးတရားကို လက်မလွှတ်သင့်ပေ။

Wide is the gate,
And broad is the way.
That leadth to destru tion,
And many there be to go to thereat,
Because straight is the gate,
And narrow is the way
Which lead unto life
And few there be that find it.

**Bible**

ပျက်စီးခြင်းတို့သွားရာ လမ်းစကား ကျယ်ပြန့်၏။ လမ်းကြောင်းခရီးကား ထင်ရှားကျယ်ဝန်း၏။ သို့သော် ထိုလမ်းမျိုးကား များပြားလှ၏။ ကောင်းသော ဂတိသို့ သွားရာ လမ်းစကား တည့်မတ်၏။ လမ်းကြောင်းကား ကျဉ်းမြောင်းလှ၏။ ထိုလမ်းမျိုးကား ရှားပါးလွန်းသဖြင့် တွေ့ရှိနိုင်သူပင် နည်းပါးစွာ၏ဟု သမ္မာကျမ်းစာတွင် ဆိုထားလေသည်။

သုဂတိလမ်းကြောင်းကား ကျဉ်းမြောင်း၍ တွေ့နိုင်ခဲသည်ဟုသာ ပြောဆိုခဲ့၍ ကြမ်းတမ်း၍ ဒုက္ခများသည်ဟူ၍ကား မဆိုခဲ့ချေ။

mgyoe.com

mgyoe.com


သို့သော် အရပ်လေးမျက်နှာသို့ ဖြာထွက်နေသော လမ်းမြွာများ အလယ်တွင် ဖြောင့်မှန်တည့်မတ်သော လမ်းတစ်လမ်းရှိသေးသည်ကား အမှန်ဖြစ်ပေ၏။ သမုဒ္ဒရာထဲတွင် သွားနေသော သင်္ဘောတွင် လမ်းဖြောင့်လမ်းမှန် တစ်ခုတည်းသာရှိ၏။ အိမ်မြှောင်ညွှန်းတိုင်း အခြားမျက်နှာတို့ကို လိုက်မှားမိချေက လုံခြုံရာဆိပ်ကမ်းမှ ဝေးသဖြင့် မှန်းခြေ မပေါက်ရှိတော့မည်။ လမ်းမှန်မှာ အခြားလမ်းများထက် လှိုင်းလေတံပိုး ကြမ်းတမ်းသော်လည်း ထိုလမ်းမှန်ကို ပစ်၍ အခြားလမ်းသို့ မလိုက်သင့်ကြချေ။

လူတို့မှာ သာယာတိုင်းလုပ်တတ်သော အကျင့်ဆိုးတစ်ခုရှိလေသည်။ ထိုအကျင့်မျိုးမှာ သဘာဝနှင့်များစွာ ဆန့်ကျင်လေသည်။ စိတ်ဆောင်ရာသို့လိုက်ပါ ပြုလုပ်ခြင်းမှာ လျှပ်တစ်ပြက်မျှ ခံစားရမည့် စည်းစိမ်ကို နောင်ကာလအနှစ်နှစ် အလလခံစားရမည့် ဆင်းရဲဝေဒနာတို့ဖြင့် ဝယ်ယူခြင်းပင်ဖြစ်ပေတော့၏။ မန္တိုင်းယှဉ်သာအောင် သေးငယ်နုပ်ဖွာမထင်ရှားသော စိတ်သုခကလေးအတွက်များစွာ ကုန်ဆုံးနစ်နာကြရပေ၏။ မွေးဇာတိပါ အခွင့်အရေးတို့ကို တစ်နပ်စာမျှသော ဟင်းသီးဟင်းရွက်တို့ဖြင့် ရောင်းစားဘိသကဲ့သို့ မတန်တဆ နစ်နာကြရပေတော့မည်ဖြစ်၏။

အခါအခွင့်ကို ကြည့်၍ စီမံတတ်ခြင်းသည် အကြောင်းမှုတို့တွင် လက်ဖျားခါထားရသောကိစ္စတို့ကို အခါများစွာ နိုင်နင်းခဲ့ဖူးလေပြီ။

လယ်သမားတစ်ယောက် လယ်ထွန်နေစဉ် ၎င်း၏လယ်အနီး၊ တောကြက် နှစ်ကောင်ခွပ်နေသည်ကို မြင်သောအခါ ငါ့လယ်လည်း မညက်သေး၊ ကြက်များလည်း မမောသေးပေ။ ငါ့လယ်လည်း ညက် ကြက်များလည်းမောသောအခါမှ အသာတကြည်ဖမ်းယူမည်ဟု နှလုံးပြု၍ ထွန်မြဲထွန်လျက် လယ်ညက်သောကာလမှ ဟိုက်ပန်းထိုးနေသော ကြက် နှစ်ကောင်ကို ဖမ်းယူရရှိဖူးလေသည်။ ထိုသူမှာ ဘယ်အချိန်တွင်

mgyoe.com

mgyoe.com


ဘာကို လုပ်ရမည်ဟု နေသားတကျ မစီမံတတ်ဘဲ လယ်မညက် ကြက်မမောမီဖမ်းက လယ်လည်းမပြီး ကြက်လည်း ရရှိတော့မည်မဟုတ်ပေ။

ငွေဖြင့်ဝယ်၍မရသည်တို့ကိုလည်း ယဉ်ကျေးသိမ်မွေ့ခြင်းဖြင့် မေတ္တာပို့ရနိုင်လေသည်။ လူတို့၏သဘောမှာ အတင်းအဓမ္မ နှင်ထုတ်ခြင်း၊ အမိန့်ပေးခြင်းတို့ထက် ချော့မော့သွေးဆောင်ရာသို့ လိုက်ပါလွယ်တတ်လေသည်။ နိုင့်ထက်စီးနင်း မပြုမူ၍ ဖျောင်းဖျောင်းဖျဖျ လမ်းပြညွှန်ကြားခြင်းမှာ အခါမရွေး အကျိုးရှိနိုင်လေသည်။

> What thou wilt
> Thou rather shalt enforce with thy smile,
> Than hew to't it with thy sword.
>
> Shakespeare

> ဓားနှင့် ခြိမ်းခြောက်၊ ငေါက်လိုက်ပြီးခါ၊ ခိုင်းစေရာထက်၊ ချိုသာရှင်ပျ အမှုကသာ ကျိုးပြီးစွာရှင့်။
>
> ရှိတ်စပီးယား

ထိုဝါဒကို နှစ်သက်လေ့လာသူ ဖရန်စစ်ဟော်နာဆို သူမှာ ရာထူးဌာနန္တရ ကြီးကျယ်စွာ မရှိဘဲလျက် ပြည်သူ့လွှတ်တော်အရပ်ရပ်တွင် အာဏာစက်ပျံ့နှံ့ထင်ပေါ်ခဲ့ဖူးလေသည်။ သူတစ်ပါးစိတ်နှင့် တိုက်ဆိုင်မိအောင် လိမ္မာသလောက် ကြိုးစားသင့်ကြပေသည်။ သို့သော် မိမိရည်ရွယ်ချက်နှင့် လုံးဝမတူ ဆန့်ကျင်လျက်ရှိသော ကိစ္စများတွင် သဘောဖြူအူစင်းဖြင့် မလုပ်နိုင်ကြောင်းကို ရှင်းရှင်းပြောရပေမည်။ သို့မဟုတ် သူတစ်ပါးက လုပ်လိမ့်နိုး၊ ဖြစ်လိမ့်နိုး မျှော်ကိုးယုံကြည်နေပြီးမှ

mgyoe.com

mgyoe.com


အဆုံးတွင် မဖြစ်နိုင်ကြောင်းသိသောအခါ ဒေါသထွက်မိပေလိမ့်မည်။

အစကနဦးကပင် မိမိလုပ်နိုင်မည်မထင်သောတာဝန်ကို မထမ်းဆောင်နိုင်ကြောင်း ပြောပြရန် ဝန်လေးဖွယ် မရှိချေ။

> The inhabitants of Asia Minor came to be vassals, only for not able to pronounce one syllable, which was 'No'
>
> **Plutarch**

အေးရှားမိုင်းနား ကျွန်းသားတို့သည် မဟုတ်ပါဟူသော စကားကလေးတစ်ခွန်းကိုမျှ မပြောနိုင်သောကြောင့် ကျွန်ဖြစ်ရလေပြီဟု ပလူးတပ်ဆိုသူက ပြောဖူးလေသည်။

ကျွန်ုပ်တို့နှင့် ကူးလူးဆက်ဆံသော သူတို့၏သဏ္ဌာန်ထဲတွင် ကျွန်ုပ်တို့နှင့် ဆက်သွယ်ရခြင်းအတွက် ပျော်ရွှင်ချမ်းမြေ့၍ အဆက်မပြတ်ဆက်ဆံလိုသောဆန္ဒများ တဖွားဖွားပေါ်လာအောင် သတိကြီးစွာနှင့် ကြိုးစားပေါင်းသင်းရပေမည်။ တစ်ခါတစ်ရံ သူတစ်ပါးအတွက် ဆောင်ရွက်ခြင်းဖြင့်ပင် မိမိအကျိုးပါပြီးစီးတတ်ကြောင်းကို သူ့အကျိုးဆောင်ကိုယ့်အကျိုးအောင်ဟု ဆိုစမှတ်ပြုကြ၏။

လူတို့မှာ အရည်အချင်းချင်း ညီမျှသည်ဟူ၍မရှိ၊ တစ်ဦးကပို၍ တစ်ဦးကလိုလျက်ရှိတတ်လေရာ မိမိထက်သာသူတို့ထံမှ ပညာဗဟုသုတကို ရှာမှီး၍ မိမိလောက် အတတ်အလိမ္မာမရှိသော သူတို့အားလည်း အထင်အမြင်မသေးသင့်ကြချေ။

ရွှေကဲ၊ ငွေကဲ၊ စိန်အကဲထက် လူအကဲခတ်ခြင်းက ပိုမိုခဲယဉ်းလေသည်။ လူတို့၏အကျင့်စာရိတ္တကို လေ့ကျင့်မှတ်သားရာ၌ မျက်စိ

mgyoe.com

mgyoe.com


သည် ခေါင်းဆောင်လမ်းပြ အဓိကအချက်ကြီး ဖြစ်လေသည်။ မျက်စိအမူအရာက အဓိပ္ပာယ်တစ်မျိုးကိုဖြစ်စေ၍ ပါးစပ်က တစ်မျိုးပြောသောသူမှာ လူလိမ်များဖြစ်၍ လူမှုရေးရာပညာကို နားလည်သူများကမူ မျက်စိအမူအရာကို အတည်ယူကြပေ၏။

ရှေ့ဆိုင်မျက်မှောက်တွင် လွန်စွာ ချီးမြှောက်ပြောဆိုသူမှာ စိတ်မချရပေ။ လူတို့မှာ တစ်ယောက်ကို တစ်ယောက် မြင်မြင်ချင်း ချစ်ခင်နိုင်ကြသည်မဟုတ်ပေ။ သို့ကြောင့် ပြင်ပအမူအရာတို့ကို ဂရုတစိုက်ကြည့်ရန် ခွဲခြားဝေဖန်နိုင်ရမည်ဖြစ်၏။ သူစိမ်းတစ်ရံဆံလူက အပြင်းအထန် ကန့်ကွက်သော်လည်းကောင်း၊ လေးလေးနက်နက် ထောက်ခံရာ၌လည်းကောင်း အလုံးစုံပုံ၍ မယုံကြည်သင့်ပေ။ အကယ်၍ ထိုသူမှာ ဟန်မဆောင်စေကာမူ ပြောသင့်သည်ထက်ပို၍လည်းကောင်း၊ ပြောလိုသည်ထက်ပို၍လည်းကောင်း ပြောဆိုတတ်ကြလေသည်။ အခါများစွာ တစ်ခုခုကို မျှော်ကိုး၍ အကျိုးလိုယောင် ဟန်ဆောင်တတ်လေသည်။ တစ်ဦးက ခိုင်မြဲစွာ ဝန်ခံကတိပေးတိုင်း မိတ်ဆွေဟု မမှတ်ရာ၊ မစူးစမ်းဘဲလည်း လူတစ်ဦးအား ရန်သူဟု သဘောမထားရာ။

လူတို့မှာ ဆင်ခြင်တုံတရား၊ သိမှတ်တတ်သော ဉာဏ်တို့ဖြင့် ပြည့်စုံသည်ဟု ဂုဏ်ယူတတ်ကြလေသည်။ သို့သော် အခါခပ်သိမ်း အကြောင်း ယုတ္တိပေါ်မှာတည်၍ အလုပ်လုပ်ကြသောသူများ မဟုတ်ကြပေ။ လူတို့မှာ ရံဖန်ရံခါ စိတ်လိုက်မာန်ပါ အကျိုးယုတ်စေမှုများကို ပြုလုပ်တတ်သော ဖောက်ပြန်သည့် သတ္တဝါများဖြစ်လေရာ ထိုသို့ဖောက်ပြန်ပြောင်းလဲခြင်းကြောင့် လူတစ်ယောက်အား အကြောင်းယုတ္တိကို မသိစေဘဲ မိမိအလိုသို့ပါအောင် ဆွဲငင်ယူဆောင်နိုင်လေသည်။

ထိုသို့ ဆွဲငင်ရာ၌ တစ်ဦးတစ်ယောက်ထက် အအုပ်လိုက် အစုလိုက်ကို၊ အအုပ်အစုထက် တစ်တိုင်းလုံး တစ်ပြည်လုံးကို ဆွဲငင်နိုင်ခြင်း

mgyoe.com

mgyoe.com


က ပိုမို၍ ခရီးရောက်လေသည်။

လူတို့၏ဘဝသည် ဓာတ်ရုံကြီးသဖွယ်ဖြစ်၏။ လူတို့မှာ ဓာတ်ကွက် ဓာတ်အိမ်မျှသာဖြစ်၍ ပစ္စည်းဥစ္စာပြည့်စုံခြင်း၊ ဆင်းရဲမွဲတေခြင်း အုပ်စိုးသောသူ၊ အုပ်စိုးခြင်း ခံရသောသူ၊ ဂုဏ်ကြီးရှင်၊ မျက်နှာမွဲတို့မှာ ဓာတ်လိုက်များ ဖြစ်တော့၏။ လူ့ဘဝတည်းဟူသော ဓာတ်ရုံကြီးကို ယနေ့ ပြည်ဖုံးကားချလိုက်သည်နှင့် တစ်ပြိုင်နက် ပစ္စည်းရှိခြင်း၊ ပစ္စည်း မရှိခြင်း အစရှိသော ဓာတ်လိုက်များမှာ၊ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားရသကဲ့သို့ သေသည်၏ အခြားမဲ့၌ လူမှာ လူသာဖြစ်၍ ဆင်းရဲချမ်းသာမှာ ဘာမျှတတ်နိုင်တော့သည် မဟုတ်ပေ။

ပွင့်ပွင့်လင်းလင်း ရှင်းရှင်း ကျင့်ရန်လိုပေသည်။ သို့သော် လျှို့ဝှက်အပ်သည်တို့ကို ကျပ်တည်းစွာ လျှို့ဝှက်ထားရမည်ဖြစ်၏။ မိမိအကြံအစည်ကို အလုပ်မပြီးမီ မည်သူအားမျှ မပြောကြားရာ။ စာဏကျနီတိကျမ်း၌

မနသာ – စိတ်ဖြင့် စိန္တိတံ၊ ကြံစည်အပ်သော ကမ္မံ၊ အမှုမျိုးတို့ကို ဝစသော နှုတ်ဖြင့်၊ နပကာသယေ၊ ဖော်ပြပြောဆိုခြင်း မပြုရာ။ ကိံ၊ အဘယ်ကြောင့်နည်းဟူမူ ယသော၊ အကြင်သို့သော အကြောင်းကြောင့်။ အညဝိညာတကမ္မံသ၊ သူတစ်ပါးတို့ရိပ်မိ သိမြင်လေပြီးသော၊ ကမ္မံ၊ အမှုမျိုးတို့၏၊ သိဒ္ဓိ၊ ပြီးစီးအောင်မြင်ခြင်းသည် နဇာယတေ၊ မဖြစ်တတ်။ ။ ဟု ဆိုထားလေသည်။

မိမိတွင် တာဝန်ဝတ္တရားမရှိဘဲ၊ ဝင်ရောက်စွက်ဖက်၍ ပြောဆိုခြင်း၊ ထင်မြင်ချက်ပေးခြင်း၊ ရှုတ်ချပြောဆိုခြင်း မပြုရာ။

သက်္ကာမကင်းသောသူအား တာဝန်လွှဲအပ်ခြင်း မပြုသင့်ပေ၊ တာဝန်လွှဲအပ်ထားသောသူအား သက်္ကာမကင်းမယုံကြည် မဖြစ်စေရာ၊ သက်ဝင်ယုံကြည်မှုမှာ မျက်လုံးစုံမှိတ်၍ မယုံကြည်သင့်သော်လည်း လုံး

mgyoe.com

mgyoe.com


လုံးလျားလျား ယုံကြည်ရမည်ဖြစ်၏။ ။ ပေါင်မုန့်တစ်ဝက်သည် မရှိသည်ထက် ကောင်းသေး၏ ဟူသော သိုးဆောင်းနည်းကို လိုက်နာလျှင် တစ်ဖက်သတ်ကျလှသည် မစားရအရှင်း၊ စားရဆီထမင်းဝါဒကိုလည်း မလိုက်နာသင့်ကြပေ။

အကြောင်းနှင့်အကျိုးသည် ဒွန်တွဲလျက် ခွဲခြား၍ရသော အရာမျိုးမဟုတ်ပေ။ အကြောင်းမရှိဘဲ၊ အကျိုးမထင်နိုင်ရာ။ မိုးတည်းဟူသော အကြောင်းကြောင့် လယ်ထွန်ခြင်း၊ စပါးစိုက်ခြင်း တည်းဟူသော အကျိုးကို ခံစားနိုင်လေသည်။ မိုးခေါင်ရေရှား ရပ်ဝန်းဖြစ်သဖြင့် မိုးမရွာခဲ့သော် ရေကို ဆည်အားဖြင့်လည်းကောင်း၊ ကန်အားဖြင့်လည်းကောင်း သိုလှောင်သွယ်ယူပေးရသဖြင့် ဆည်မြောင်းတို့ပင် အကြောင်းတရားဖြစ်တော့၏။ ထို့ကြောင့် အကျိုးတရားမှာ အကြောင်းတရားမရှိဘဲ ထွက်ပေါ်လာသည်ဟု ဘယ်သောအခါမျှ မရှိခဲ့ပေ။ ယခုလည်း ရှိဆဲမဟုတ်၊ နောင်လည်း ရှိလိမ့်မည်မဟုတ်ပေ။

လူတို့၌ အခါခပ်သိမ်းမြော်မြင်ရန်လိုပေ၏။ ကိုယ့်ကိုယ်ကိုယ် ရှေ့ဆောင်ပေးရမည်။ သူတစ်ပါးက ရှေ့ဆောင်မည်မဟုတ်ပေ။ လူလိမ္မာတို့၏စကားသည် သဘောနှလုံး၌တည်၍ လူရူး၊ လူမိုက်တို့၏ သဘောနှလုံးသည် ပါးစပ်၌(စကား၌)တည်လေသည်။ အဘယ်ကြောင့်ဆိုသော် လူမိုက်တို့မှာ နှုတ်မစောင့်စည်းဘဲ သိသမျှ ထင်သမျှကို ဖွင့်ဟပြောဆိုသောကြောင့်ပင် ဖြစ်၏။

Think all you speak
But speak not all think

**Delarme**

mgyoe.com

mgyoe.com


သင်ပြောသမျှကို စဉ်းစားပါ။
သင်စဉ်းစားသမျှ ထင်သမျှကို မပြောပါနှင့်။
ဒီလမ်းမ်

စကားများစွာ ပြောဆိုသူတို့မှာ ပြောရန်ကိစ္စရှိ၍မဟုတ်၊ ပြောလိုလှသော စိတ်ထက်သန်လွန်းသောကြောင့် ဖြစ်တတ်လေသည်။ စကားပြောရာ၌ လျှာကိုသာ အသုံးပြုသည်ထက် ဉာဏ်ကို ပိုမိုအသုံးပြုဖို့ အရေးကြီးလေသည်။ စကားများစွာ ပြောလိုသောဆန္ဒကြောင့် များစွာ ပြောဆိုခြင်းမှာ အောင်မြင်မှု၏ အန္တရာယ်ဖြစ်စေ၍ စကားပြော လောကြီးခြင်းကြောင့် နှုတ်လွန်မိသဖြင့် ပြန်လည် ရုပ်သိမ်းတောင်းပန်ရသည်က တစ်မျိုး၊ ပြောလိုသည်ကတစ်မျိုး၊ ပြောမိသည်ကတစ်ဖုံဖြင့် အလွဲလွဲ အမှားမှားဖြစ်စေ၏။ စကားများစွာပြောခြင်းမှာ ဒုက္ခရောက်အောင် ဆွပေးသည်နှင့်တူ၏။ ကိုယ်တိုင်တွင်လည်း မခံချင်စိတ်များ ဖြစ်ပေါ်တတ်၏။ အချင်းချင်း မကျေနပ်မှု၊ ဂုဏ်ပြိုင်မှုတို့၏ မျိုးစေ့ကို စိုက်ထူပေးတော့၏။ ။ စကားများ အမှားပါ၊ စကားထဲက ဇာတိပြဟူသော အချက်တို့ကြောင့် စကားပြောခြင်းသည် ငွေတမျှ အဖိုးထိုက်၍ ဆိတ်ဆိတ်နေခြင်းမှာ ရွှေတမျှ အဖိုးထိုက်၏ဟု သိုးဆောင်း စကားပုံတစ်ခု ရှိလေသည်။ ဇာတက၊ ဒုကနိပါတ်တွင်လည်း နှုတ်မစောင့်စည်း၍ ပျက်စီးရပုံတို့ကို ဟောကြားတော်မူခဲ့လေသည်။

အကျင့်စာရိတ္တ၊ အရည်အချင်းနှင့် ပြည့်စုံပါလျက် ပျက်စီးနစ်မွန်းသော လူတို့၏ အရေးကိစ္စကို စဉ်းစားလိုက်သောအခါ ၎င်းတို့၏ ပျက်စီးခြင်းမှာ နှောင့်နှေးခြင်း၊ အချိန်မမှန်ခြင်း၊ သူတစ်ပါးနှင့် ဖော်ရွေစွာ အလိုက်အထိုက်ကိုကြည့်၍ မပေါင်းသင်း မဆက်ဆံတတ်ခြင်း၊ အရေးမကြီးသည်တို့တွင် တစ်ဖက်သတ် ခေါင်းမာခြင်း ဆိုနိုင်ခက်ခြင်းတည်း

mgyoe.com

mgyoe.com


ဟူသော လုပ်ငန်းမမည်ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရှိရလေသည်။

သေးငယ်သော ကိစ္စများကိုလည်း ကြီးလေးသော ကိစ္စများကဲ့သို့ပင် စနစ်တကျ စီစဉ်ရမည်ဖြစ်ပေ၏။ သတိဟူသည် အခါခပ်သိမ်းလိုအပ်ပေ၏။ မီးကိုငယ်သည်ဟု သတိမမူ မပြုရာ အမှိုက်ကစ ပြာသာဒ်မီးလောင်ဟူသကဲ့သို့ တိုက်ကြီးတာကြီး၊ မြို့ကြီးပြကြီးတို့ကိုလည်း သေးငယ်သော မီးဖွားကလေးက ပြာကျစေနိုင်လေသည်။ ရန်သူကိုလည်းကောင်း၊ အဆိပ်ရှိသော သတ္တဝါကိုလည်းကောင်း ငယ်သည်ဟူ၍ မထိမဲ့မြင်မပြုရာ။ ပြက်ရယ်ပြုခြင်း၊ ထိပါးပုတ်ခတ်ခြင်း၊ စကားတင်စီးနှင့် ပြောခြင်းတို့မှာ အရေးမကြီးဟု ထင်ရသော်လည်း များစွာသော အကျိုးမဲ့ကို ဖြစ်စေနိုင်လေသည်။ သင့်တော်သည့်ကိစ္စကို သင့်တော်သည့်နေရာ တွင် နေသားတကျသုံးတတ်ခြင်းမှာ အဖိုးမဖြစ်နိုင်သော အကျိုးကို ဖြစ်စေ၏။ စူးနေရာစူး၊ ဆောက်နေရာဆောက် သုံးတတ်ရန် လိုအပ်ပေသည်။

အစီအစဉ်မရှိခြင်းသည်ကျီတစ်ခုထဲတွင် စပါး၊ ဂျုံ၊ ပဲတို့ကို ရောစု၍ ထားသကဲ့သို့ နောင်ဂျုံကို အလိုရှိသော် ခွဲခြားသတ်မှတ်ထားသကဲ့သို့ တလုံးတခဲတည်း မရနိုင်တော့ဘဲ တစ်စေ့စီရွေး၍ ယူရဘိသကဲ့သို့ များစွာ ပင်ပန်းမိုက်မဲရာကျပေ၏။

အမှုမျိုးကို ပေယျာလကန်ထားသူတို့မှာ မိုးသက်မုန်တိုင်းကျရောက်လာခါမှ ကုန်းပတ်ပေါ်မှ ပစ္စည်းများကို ချုပ်စရန်လည်းကောင်း၊ ရွက်ကိုချရန်လည်းကောင်း မတတ်နိုင်တော့သဖြင့် အနစ်အမွန်း အပျက်အစီးခံရသော သင်္ဘောသူကြီးကဲ့သို့ ဖြစ်လေတော့၏။ နေသားတကျစီမံထားသူတို့မှာ ရှေ့ရေးကို တင်ကြိုမြော်မြင်သည့်အလျောက် ပြုပြင်ထားနှင့်ပြီဖြစ်သဖြင့် ထိုဘေးဒုက္ခမျိုး မတွေ့နိုင်တော့ပေ။

အချိန်ကာလ ပမာဏကို နှိုင်းချင့်ဝေဖန်၍ ပြုလုပ်မှသာလျှင် ကာလံ ဒေသံ အဌံ့ ခနံ ဟူသော မဟာပဒေသ တရားများနှင့် ညီညွတ်

mgyoe.com

mgyoe.com


သင့်တင့်သဖြင့် ဘဝ၏အောင်မြင်မှုကို ဖြစ်စေနိုင်၏။ မိုးလွန်မှ ထွန်ချ၊ လသာခိုက်ဗိုင်းငင်ဟူသော စကားပုံများမှာ အချိန်ကာလကို တော်သလို သုံးရမည့်အကြောင်း၊ အချိန်သင့် အခွင့်ကောင်းတွင် သင့်တော်သော အလုပ်မျိုးကို လုပ်၍ ထိုအချိန်လွန်မှဆိုသော် အချည်းအနှီး အလဟဿ ဖြစ်ကြောင်းတို့ကို ပြဆိုသော ရှေးလူကြီးတို့၏ မှန်မြတ်သော ဩဝါဒ ဖြစ်လေသည်။

၀

mgyoe.com

mgyoe.com

# အခန်း – ၃
# ပညာရေး

လူတို့၏ဘဝတွင် ပညာသည် များစွာ အရေးကြီးပေ၏။ ပညာက ရှေ့ဆောင် လမ်းပြပြုမှသာလျှင် ကိုယ်ခန္ဓာ၏ကြိုးစားမှုမှာ အကျိုးဖြစ်ထွန်းနိုင်လေသည်။ ပညာမဲ့သော သူတို့မှာ တွေးတောကြံဆနိုင်သော အရည်အချင်းမရှိရကား စိတ်နောက် ကိုယ်ပါပြုမိသဖြင့် နစ်နာကြသည်မှာ များခဲ့လေပြီ။

လူတစ်ယောက်သည် ၎င်းဖခင်၏နဖူးတွင် ခြင်ကိုက်နေသည်ကိုမြင်ရာ ထိုခြင်ကိုသတ်ရန် အလို့ငှာ ဓားကြီးတစ်ချောင်းဖြင့် အားကုန်ခုတ်လိုက်သဖြင့် ၎င်းဖခင်မှာ အနိစ္စရောက်ဖူးကြောင်း ရှေးလူဟောင်းတို့၏ ဒဏ္ဍာရီကို ကြားဖူးလေသည်။ ထိုသူမှာ ခြင်ကိုသာ သတ်လိုလျက် ၎င်းဖခင် သေမည်စသော အချက်အလက်တို့ကို ကြိုတင်စဉ်းစားတတ်သော ပညာဉာဏ်ကင်းမဲ့၍သာ ဤကဲ့သို့ စိတ်မချမ်းသာစရာ ဖြစ်ခဲ့လေသည်။

လောကေ၊ လောကဋ္ဌ၊ ဘောဇနာ။ အစာစားခြင်း
သည်လည်းကောင်း မေထုနာ၊ မေထုံမှီဝဲခြင်း သည်

mgyoe.com

mgyoe.com


လည်းကောင်း နိဒ္ဒါ၊ အိပ်ခြင်းသည်လည်းကောင်း၊
ပေါသေဝိယောကျ်ားဒ္ဒ လည်းကောင်း၊ ဂေါ်နေပိ၊
နွားဒ္ဒလည်းကောင်း၊ ဝိဇ္ဇတိ၊ ရှိ၏ ပေါသသ
ယောကျ်ားအား၊ ဝိဇ္ဇာအတတ်တစ်ပါးသာ ပေါသ သသ၊
ထူးပါသတည်း။ အယိနော၊ အတတ်မှ ယုတ်ခဲ့မူ
ဂေါဏာသကော၊ နွားနှင့်တူသည်။ ဘဝေ၊ ဖြစ်၏။
လောကနီတိ

စေတနာမှာ ပညာနှင့်ယှဉ်၍ မသုံးက အကျိုးမဲ့ကိုသာ ဖြစ်စေ၏။ ဥယျာဉ်မှူးတစ်ယောက်သည် ကိစ္စရှိ၍ နေအိမ်မှထွက်၍ မသွားမီ မိမိမွေးထားသော မျောက်များအား ၎င်းမရှိခိုက် သစ်ပင်များကို ရေလောင်းရန် မှာထားခဲ့၏။ ထိုလူထွက်သွားလေသော် မျောက်တို့၏ ခေါင်းဆောင်က 'အချင်းတို့၊ သစ်ပင်များကို ရေလောင်းရာ၌ ရေကို အချည်းနှီး မကုန်စေလင့်။ သစ်ပင်ကို တူးဖော်၍ အမြစ်ကိုကြည့်ပြီးမှ အမြစ်ရှည်လျှင် ရှည်သည့်အလျောက်၊ တိုလျှင် တိုသည့်အလျောက် ရေလောင်းကြမှ တော်ပေမည်' ဟု ပြောသည့်အတိုင်း သစ်ပင်များကို တူးဖော်၍ အမြစ်၏အတိုင်းအရှည်ကိုကြည့်ပြီး ရေလောင်းပြီးလျှင် မြေဖြင့် ဖို့ထားကြကုန်သတည်း။ ဥယျာဉ်မှူး ပြန်ရောက်ကာလ သစ်ပင်များ ညှိုးငယ်နေသည်ကို တွေ့သဖြင့် မျောက်တို့ကိုခေါ်၍ မေးရာ ဟုတ်တိုင်း မှန်ရာ ပြောကြကုန်၏။ ထိုအခါ ဥယျာဉ်မှူးက "မိုက်မဲတွေဝေ ပညာဉာဏ်ကင်းမဲ့သော မိတ်ဆွေသည် ရန်သူထက် ဆိုးဝါး၏" ဟု ညည်းညူရှာလေသည်။

စေတနာဟံ၊ ကမ္မံဘိက္ခဝေ ဟူသော ဒေသနာအရ စေတနာကို သာ ပဓာနပြု၍ ရဟန်းတု ရဟန်းယောင်တို့အား လှူဒါန်းကြပေ၏။

mgyoe.com

mgyoe.com


ထိုသို့ လျှဒါန်းကြခြင်းဖြင့် အကျိုးတရားမရှိဟူ၍ကား ကျွန်ုပ်တို့ မဆိုလိုပေ။ သို့သော် မကောင်းမှန်းသိလျက်ပင် ဇွတ်နှစ်၍ လှူဒါန်းကြခြင်းမှာ လူမိုက်အားပေး အဆိပ်ပင်ရေလောင်းရာ ကျသဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး နစ်မွန်းရာ နစ်မွန်းကြောင်းများဖြစ်ပေ၏။ သာသနာ ရန်ဆူး ရန်ညှောင့်ဟု ခေါ်ဆိုအပ်သော အချို့သော ဒုသီလပုဂ္ဂိုလ်တို့မှာ စားရ လမ်းချောင်လေ သကာန်းဝတ်လေဖြစ်သဖြင့် သူခိုး ဓားပြ မသူတော်တို့မှာ သာသနာတော်ကြီးအတွင်းသို့ ဝင်ရောက်ဖျက်ဆီးခွင့် အရေးသာလျက် နေသဖြင့် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တ ဖြစ်ကုန်သော ရဟန်းကောင်းရဟန်းမြတ်တို့၏ဂုဏ်မှာ မှေးမှိန်သေးသိမ်စရာဖြစ်၍ ဘာသာခြားတို့ ကဲ့ရဲ့စရာ တစ်နေ့တခြား များပြားလာတော့၏။

သဘာဝနှင့် ဆန့်ကျင်သော လူ့ကျင့်ဝတ်နှင့်ဆိုင်ရာ ကမောက်ကမ တရားတို့ကြောင့် အမှားသည် အမှန်ကဲ့သို့လည်းကောင်း၊ အမှန်သည် အမှားကဲ့သို့လည်းကောင်း ဖြစ်လျက် စိတ်၏ ငြိမ်းချမ်းပျော်ရွှင်ခြင်းကို အထူးနှောင့်ယှက်တော့၏။

မကောင်းမှုနှင့် ဝမ်းနည်းရခြင်းသည်လည်းကောင်း၊ ဝမ်းနည်းခြင်းနှင့် ပညာမဲ့ခြင်းသည်လည်းကောင်း၊ ခွဲခြား၍ ရကောင်းသောအရာများ မဟုတ်ကြပေ။

လောက၏ အလယ်တင့်တယ်သော ယောကျ်ားတို့၏ ဂုဏ်နှင့် ပြည့်စုံသော ယောကျ်ားစစ်တစ်ယောက်၊ တကယ်လူကြီးလူကောင်း တစ်ယောက်အဖြစ်နှင့် နေလိုလျှင် သဘာဝနှင့်မဆန့်ကျင်ဘဲ လူကျင့်ဝတ်နှင့် သက်ဆိုင်သည့်ပညာများကို တတ်ကျွမ်းနားလည်ကြရမည်ဟု (လော့ဒ်ချက်စတားဖီး) က ၎င်း၏သားထံသို့ ရေးသားခဲ့ဖူးလေသည်။

လောကတွင် အကြိမ်ကြိမ်ဖြေဆိုရမည့် ပုစ္ဆာကြီး ၃ ရပ်ရှိလေသည်။ ၎င်းတို့မှာ (က) မှားသလား၊ မှန်သလား (ခ) အတုလား အစစ်

mgyoe.com

mgyoe.com


လား (ဂ) ဆိုးသလား လှသလားတို့ပင် ဖြစ်၏။ ထိုကဲ့သို့သော နက်နဲလှသော လောကီရေးရာပုစ္ဆာပြဿနာများကို အသိအလိမ္မာ ဉာဏ်ပညာပြည့်စုံမှသာလျှင် လုံလောက်ကျေနပ်စွာ ဖြေဆိုနိုင်ကြမည်ဖြစ်၏။

လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ကျော်ခန့်က အနောက်နိုင်ငံတွင် စာအုပ်များမှာ အလွန့်အလွန် အဖိုးကြီးပေ၏။ စာပုံနှိပ်စက်များ မပေါ်သေးရကား ကာလမြင့်ရှည်စွာ လက်ဖြင့် ရေးသားကြရသောကြောင့် ဈေးကြီးလှသဖြင့် သူဌေးများ၊ မြေပိုင်ရှင်၊ ဘုန်းကြီးများမှတစ်ပါး သာမန်ဆင်းရဲသား ကုန်သည်များ ဝယ်ယူဖတ်ရှုခြင်းငှာ မတတ်နိုင်ကြပေ။ မြန်မာပြည်တွင်လည်း ထိုခေတ်အခါက ပုရပိုက်ဆူပေါ်တွင် ကန့်ကူဆံဖြင့်လည်းကောင်း၊ ပေရွက်ပေါ်တွင် သံချောင်းဖြင့်လည်းကောင်း ခဲယဉ်းစွာ ရေးသားကြရလေသည်။ ယခုခေတ်တွင်ကား အဖိုးအနည်းငယ်ဖြင့် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်လေပြီ။

သို့သော် စာအုပ်များမှာ ပညာရှိရာသို့ ညွှန်ပြသော လမ်းပြမျှသာ ဖြစ်၍ စာအုပ်ကို ဖတ်ခါမျှနှင့် ပညာရှိ မဖြစ်နိုင်ပေ။

သိပ္ပံ၊ အတတ်ပညာနှင့်သာမန်တူသော၊ ခန့်၊ ဉစ္စာမည်သည် နတ္ထိ၊ မရှိ။ ၎င်းမှာ လူတို့ခိုး၍လည်းမရ၊ ပေးကမ်း၍လည်းမကုန်၊ ရန်သူမျိုး ငါးပါး၏ လက်လှမ်းမမီရာ ရိပ်ငြိမ်းချမ်းသာသော အခြေတွင် တည်ရှိပေ၏။ ပညာမဲ့မှု၊ မသိမလိမ္မာမှုသည် မကောင်းမှု၏မိခင်ဖြစ်၏။ ပညာသည် အကောင်းဆုံး ဒါနဖြစ်ကြောင်းကို သဗ္ဗဒါနံ၊ ဓမ္မဒါနံ ဟူသဖြင့် မြတ်စွာဘုရားဟောကြားတော်မူခဲ့လေသည်။

လူတို့သည် ပညာသင်ကြားရာ၌ အသက်မွေးဝမ်းကျောင်းအတွက်သာ မဟုတ်။ လူ့ဘဝတွင် နေမှုထိုင်မှု၊ ကြီးပွားတိုးတက်မှု လူပီသမှုတို့အတွက်လည်း တတ်မြောက်ကြရပေမည်။

သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း၊ နံ့သာလှိုင်ခြင်း

mgyoe.com

mgyoe.com

ဂုဏ်နံ့ကင်းမှု၊ အဆင်းလှဆန်း၊ လူပေါက်ပန်းဟု၊
သွမ်းမှန်းသိထွေ၊ ကဲ့ရဲ့ပေအံ့၊ လုပ်ခြေလုပ်လက်၊
စည်ဆက်နှိုးမှီး၊ အကျင့်သီးသော် ချည်းနီးဥစ္စာ၊
လိုခါမရ နောင်တနှလုံးမငြိမ်းတည်း။

ကိုးခန်းပျို့၊ ရှင်မဟာရဋ္ဌသာရ

ခေတ်ကာလအလျောက်၊ ကမ္ဘာသုံး ဖြစ်နေသော ခေတ်ပညာကို အထွတ်အထိပ်တတ်မြောက် သူတို့မှာ မိမိတစ်အိုးတစ်အိမ်ထောင်အတွက်သာ ကွက်၍ သုံးပါမူ စာသူငယ်ကို အမြောက်နှင့် ပစ်သကဲ့သို့ အဖိုးတန်ပညာမှာ ဘာမှ မပြောပလောက်သော ကိစ္စကလေးတွင် နစ်မြုပ်သွားရသဖြင့် လွန်စွာ နှမြောဖွယ် ကောင်းပေတော့သည်။ ထိုသူတို့မှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်အမျိုးမျိုးမှ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးစသော ကောင်းနိုးရာရာ အချက်များကို ရွေးချယ်၍ ဘာသာပြန်ဆိုကြပါက အမျိုးသားများအတွက် အထူးကျေးဇူး ဖြစ်ထွန်းနိုင်လေသည်။

စူးလျက်ရှိသော ဓားကို ကလောင်စွမ်းဖြင့် ထွက်စေ၏။
ထက်မြက်သော စိတ်ကူးဉာဏ်မှာ လှံစွပ်ထက် သတ္တိရှိ၏။

လော့ဒ်အဗိကြူးရီး

ထိုသို့ တစ်တိုင်းပြည်လုံး၏ အကျိုးကို မျှော်ကိုးလျက် ကျွန်ဘဝမှ လွတ်လပ်ခဲ့သော တိုင်းပြည်များအကြောင်း၊ လွတ်လပ်ရေးတိုက်ပွဲများ မျိုးချစ်အာဇာနည် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ဘာသာပြန်ခြင်း

mgyoe.com

mgyoe.com


အားဖြင့် မြန်မာနိုင်ငံတွင် အိုးစိတ် အိမ်စိတ်မှ မြို့စိတ်ရွာစိတ်သို့၊ မြို့စိတ် ရွာစိတ်မှ တိုင်းစိတ်ပြည်စိတ်သို့ ပြောင်းလဲလာသဖြင့် တစ်မျိုးလုံး အကျိုးဖြစ်ထွန်းနိုင်လေသည်။

သကျရုပ်၊ ကြံကြံသမျှ၊ တောင့်တရာရာ၊ တတ်
ကောင်းစွာသား ဝိဇ္ဇာသိပ္ပ၊ ဟူသမျှကို ငယ်ကမသင်၊
ပျော်ပါးလွင်မူ၊ အကြင်သူအား စကားချေတင်၊
သဘင်မပြု၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်
ရွံ့ရှားလန့်ထိတ်၊ အသံဆိတ်၏။ တိတ်တိတ်မနေ၊
ဆိုပြန်ချေလည်း မပြေမပြစ်၊ အထစ်ထစ်လျှင် ကျစ်
လျစ်မရှိ အငိုငိုတည့် ...

ကိုးခန်းပျို့

Ignorance, is the Curse of god. Knowledge
the wing,
Whercurth we fly toheaven.

**Shapespeare**

ရှိတ်စပီးယားက "မသိမလိမ္မာ၊ ပညာမရှိခြင်းသည် ဘုရားသခင်၏ အပြစ်ဒဏ်ဖြစ်၏။ ပညာမှာမူ ကောင်းကင်ဘုံသို့ ပျံတက်နိုင်ရန် တပ်ဆင်ပေးသောအတောင်ဖြစ်၏" ဟု ဆိုထားလေသည်။ ရှာမှီးအပ် သော ပညာနှင့် အထင်မှန်၊ အမြင်မှန်တို့မှာ များစွာ မွန်မြတ်ကြပေ၏။

ပညာ၏လက်ယာဘက်တွင် အသက်ရှည်ခြင်း

mgyoe.com

mgyoe.com


တည်၍ လက်ဝဲဘက်တွင် ချမ်းသာခြင်းဂုဏ်ရှိခြင်း
တို့ တည်ကြကုန်၏။

**လောဒ်ချက်စတားဖီး**

The wardrobe was the library of women.

**German Proverb**

ဂျာမန်စကားပောင်းတစ်ခုကမူ မိန်းမတို့၏ အဝတ်ခန်းမှာ စာကြည့်တိုက် ဖြစ်ရမည်ဟူ၍လည်းကောင်း။ ။

Girls should be kept either wlthin the four evangelists or four wills.

ပြင်သစ်စကားပုံတစ်ခုကလည်း မိန်းကလေးများကို ဆရာလေးယောက်ကြားတွင် သို့မဟုတ် နံရံ လေးဘက်ကြားတွင်ရှိစေရမည်ဟူ၍လည်းကောင်း ဆိုကြလေသည်။

ရှေးအခါက ပညာသင်ကြားခြင်းမှာ ဘုန်းကြီးရဟန်းအဖို့ဟု အနောက်နိုင်ငံများတွင် ယူဆခဲ့ကြ၏။ ဆင်းရဲသားနှင့် လူကုံထံ ပစ္စည်းရှင်တို့မှာ ပညာနှင့်ပတ်သက်က ဘာမှ မခြားနားဟု ယူဆကြသည်မှာပင် များစွာ မကြာမြင့်သေးပေ။ ။

ကျောင်းမှာ မကြီး၊ နွယ်ဖျားသီးသည်၊ ဘူးသီးမွေးနု၊
လက်သတ်ပြုသို့၊ ရမ္မပညာ၊ ငယ်ရွယ်စွာက ဆရာ
ထက်ကြပ်၊ မဆည်း ကပ်မိ နှမိနှမြော၊ လွန်လှံ့မော
ဟု၊ အိုသော်ကာလ၊ နောင်တရလိမ့်၊ သောကမကင်း
ဖွယ်သာတည်း။

**ဩဝါဒထူးပျို့**

mgyoe.com

mgyoe.com


ပထမ အင်္ဂလိပ် အဘိဓာန်ကြီးကို စီစဉ်ရေးသားခဲ့သော ဒေါက်တာဂျွန်ဆင်က လူတိုင်းလူတိုင်းသာ ပညာသင်ကြားတတ်မြောက်ခဲ့ပါမူ ကမ္ဘာပေါ်တွင် လက်လုပ်လက်စားများရှိတော့မည် မဟုတ်ဟု ပြောဆိုခဲ့လေသည်။ သို့သော် ဒေါက်တာဂျွန်ဆင်မှာစာပေဘက်တွင် အထူးဝါသနာထုံသူဖြစ်ရကား ကိုယ်နှင့် ရင်းနှီး၍ လုပ်ရသော အလုပ်၏ တန်ဖိုးကို တကယ်မသိနားမလည်ရှာခဲ့ပေ။

အာဠဝက အမေးရှိ၍ မြတ်စွာဘုရားက ....

ဇိဝိတံ၊ ဇိဝန္တာနံ၊ အသက်မွေးတကာတို့တွင် ပညာ ဇီဝါ၊ ပညာဖြင့် အသက်မွေးခြင်းသည်။ သေဋ္ဌ၊ မြတ်၏ဟူ၏။ ကုသလာလိမ္မာကုန်သော ပညာရှိတို့သည် အာဟုဆိုကြကုန်၏ဟု ဖြေဆိုတော်မူခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ကို ရင်းနှီးပင်ပန်းကြီးစွာ လုပ်ရသော ကူလီ သူရင်းငှား၊ လွှတိုက် လှေထိုး အလုပ်မျိုးတို့မှာ လူတစ်ယောက်အတွက် တစ်နေ့လျှင် တစ်ကျပ်၊ နှစ်ကျပ်သာ ရတတ်ကြသော်လည်း ဉာဏ်ရှင် ပညာရှင်များမှာမူ တစ်ရက်တည်းနှင့်ပင် တစ်ရာတစ်ထောင်မက ရတတ်သောကြောင့် ဖြစ်လေသည်။

စာပေမှာ သင်လျှင် တတ်စမြဲဖြစ်၏။ လူတို့မှာ ပညာတတ်နှင့် စာတတ်ခွဲခြားသိဖို့ရန်လိုပေသည်။ ဝိဇ္ဇာ၊ မဟာ ဝိဇ္ဇာအောင်သူတို့မှာ စာတတ်များဖြစ်ကြ၏။ ၎င်းတို့မှာ သင်ခန်းစာများကို အစမှအဆုံး ရွတ်တတ် ဖတ်တတ်ကြသူများဖြစ်ပေ၏။

မြန်မာပြည်၌ စာမေးပွဲအောင်မြင်သူများသလောက်
ပညာရှိ နည်းကြကုန်၏။

ပီမိုးနင်း

mgyoe.com

mgyoe.com


ရွတ်တတ် ဖတ်တတ်ကာမျှနှင့် တတ်သည်မမှတ်
ဉာဏ်သဘောပေါက်မှ တတ်သည်မည်၏။
လယ်တီဆရာတော်ဘုရားကြီး

ခေတ်ပညာတတ်ဟူသော ဘွဲ့ထူး သညာကလေးများ ရကြသူများမှာ သက်ကြီးရွယ်ကြီးတို့အား ကိုင်းရှိုင်းရိုသေရသော ဂါရဝတရားပျက်ကွက်ခြင်း၊ ကိုယ်ကိုနှိမ့်ချသော သန္တုဋ္ဌိစ ဂုဏ်ပျက်ခြင်း၊ လက်အုပ်ချီခြင်းတည်းဟူသော အဉ္ဇလိကရဏီ စသော ဂုဏ်ဖြင့် ပြည့်စုံသော ရဟန်းတော်တို့အား မိမိတို့ဂုဏ်ဖြင့် မထိုက်တည်လေဟန် ဝတ်ပြုခြင်း နေရာပေးခြင်းတို့ကိုမျှ မပြုခြင်းစသည်ဖြင့် ဘယ်ယဉ်ကျေးမှု ဘယ်ဘာသာတရားတို့ကမှ ကျော်လွန်နှိပ်ကွပ်ခြင်းငှာ မတတ်ရာ မတတ်ကောင်းသော မင်္ဂလာတရားတော်အစစ်များကို ကျူးလွန်တတ်ကြကုန်၏။ ထိုသို့သော သူများမှာ ရာထူးဂုဏ်သိမ် မည်မျှပင်ရှိစေကာမူ ပညာရှိဟု ခေါ်ဆိုနိုင်ကြသည် မဟုတ်ပေ။

ခေတ်ပညာကိုမတတ်ဘဲ ဘာသာရေး စာပေတို့ကိုသာ တတ်သော ရှေးလူကြီးများအား အထင်အမြင်သေးလျက် မခံ့လေးစားပြုတတ်သူများလည်း ရှိပေသေး၏။ ထိုသူများမှာ မိမိတို့ဉာဏ်တိုဉာဏ်စ တစ်ထွာတစ်မိုက်မျှဖြင့် မိုက်ကန်းကန်း ပြုလုပ်တတ်ကြလေသည်။

ငယ်စဉ်အခါက နွားကျောင်းရန်၊ ဈေးရောင်းရန်၊ ခိုင်းစေရန် ကိစ္စရှိသည်ဟု ကျောင်းတွင် အပ်နှံ၍ ပညာသင်ကြားခွင့်မရသော ကလေးများမှာ ကြီးပြင်းလာသောအခါ လောကတွင် လူဖြစ်ရှုံးရတော့၏။ ၎င်းတို့မှာ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားတတ်သော အမြော်အမြင် ပညာဉာဏ် ကင်းမဲ့သဖြင့် ကုသိုလ်ဒုစရိုက်မှုများ ဖြစ်ပွားခြင်း၊ မိဘဆွေမျိုးတို့၏ ရာသက်ပန် အနှောင့်အယှက် အပူကောင်းများ ဖြစ်

mgyoe.com

mgyoe.com


လျက် ရာဇဝတ်မှု စသည်တို့ကို ကျူးလွန်တတ်ကြကုန်၏။

မိဘများမှာ သားသမီးများ၏ရှေ့ရေးကို မျှော်တွေးသဖြင့် ပညာတည်းဟူသော အမွေအနှစ်ကို ပေးအပ်ခဲ့မှသာလျှင် သားငယ် သမီးငယ်များ ကြီးပြင်းလာသောအခါ လောကတည်းဟူသော လှိုင်းလေတံပိုး ကြမ်းတမ်းသောခရီးလမ်း၏ ပညာတည်းဟူသော ကျွမ်းကျင်သည့် မာလိန်မှူးသည် ရှေ့ဆောင်လမ်းပြရှိသည်ဖြစ်၍ အောင်မြင်ခြင်းတစ်ဖက်ကမ်းသို့ တက်လှမ်းနိုင်ကြပေမည် ဖြစ်၏။

သားသမီးကို ငယ်ကပညာ သင်ကြားခြင်းမရှိသဖြင့် မိဘနှင့်တကွ ဆွေမျိုးသားချင်းများပါ ပူဆွေး ဒုက္ခရောက်သဖြင့် သားကို ငယ်က မဆုံးမ မိဘတစ်လည် ရန်သူမည်၏ဟု ဆိုစမှတ်ပြုကြကုန်၏။

> သွန်သင်လွယ်ရာ၊ ငယ်စဉ်ခါက၊ ပညာမရ၊ ဒုတိယ
> တွင်၊ ဥစ္စာမဲ့ထ၊ ကြီးရင့်လှလည်း၊ ဓမ္မမပျော်၊
> ကျင့်ယွင်းချော်မှု၊ မှည့်ပျော်သက်ကြီး၊ သေချိန်
> နီးသော်၊ ကိုယ်ထီးလက်ချ သုံးမကျတည့်။
>
> လောကနီတိပျို့

မိဘတို့ ဝတ္တရားတွင်လည်း မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းဟုရှိရကား ပညာသင်ပေးခြင်းမှာ အထူးမပျက်ကွက်အပ်သော ဝတ္တရားကြီးဖြစ်ပေ၏။ ကုဋေ ၈၀ ကြွယ်ဝသော ဗာရာဏသီသူဌေးသားမှာ အတတ် ပညာစုံလုံးမပါသူဖြစ်သဖြင့် ခွက်လက်စွဲကာ တောင်းစားရသော ဘဝသို့ ရောက်သွားသော်လည်း ပညာတည်းဟူသော အမွေစစ်အမွေနှစ်ကိုရလိုက်သော သူဆင်းရဲတစ်ယောက်မှာ ဘယ်နည်းနှင့်မျှ ပညာမဲ့ သူဌေးသား၏ အခြေ

mgyoe.com

mgyoe.com


မျိုးသို့ ရောက်နိုင်မည်မဟုတ်ပေ။ ပိုမိုထွန်းကားတိုးတက်လာရန်သာ ရှိလေ၏။ ကမ္ဘာ့ကျေးဇူးရှင်ကြီးများဟု ခေါ်ဆိုအပ်သော အဲ(က)ဗာ အက်ဒီဆင် ဆားဆင်မြူရဲ(လ်)ဆမိုင်း၊ အိုအက်(စ)မာဒင်၊ မဟောသခ သုခမိန်တို့မှာ မိဘဆွေမျိုးလက်ထက်က ပစ္စည်းဥစ္စာများကို အမွေခံစား လိုက်ရသူများ မဟုတ်ပေ။

ပညာသည် နေ့စဉ် လုပ်ကိုင်နေရသော အလုပ်နှင့် အများဆုံး ဆက်သွယ်လျက်ရှိပေ၏။ အလွန်ဆင်းရဲသော ကလေးများအဖို့မှာစာရေး ခြင်း၊ စာဖတ်ခြင်း၊ ဂဏန်းတွက်ခြင်းတို့ကို အနည်းဆုံးထား၍ သင်ကြား ပေးရပေမည်။ စာရေးခြင်း၊ စာဖတ်ခြင်းတို့မှာ အသေးစိတ် လုပ်ငန်းအရပ် ရပ်အတွက်ဖြစ်၍ ဂဏန်းသင်္ချာမှာ စာရင်းအင်း နိုင်နင်းရန်အတွက် ဖြစ်ပေ၏။ ကျွန်ုပ်တို့သည် ပညာကို အားပေးကြရာ၌ လူတစ်ယောက် အား အလုပ်သမားကောင်းတစ်ယောက်ဖြစ်စေရန် မဟုတ်ဘဲ အလုပ် သမားတစ်ယောက်အား ပိုမိုကောင်းမွန်သော လူတစ်ယောက်ဖြစ်စေရန် ရည်သန်၍ ပြုလုပ်အားပေးကြရာသည်။

ကျောင်းတည်ထောင်သူသည် ထောင်တံခါးကို ပိတ်သည်မည် ၏ဟု ပီတာကြူရီဆိုသူ ပညာရှင်ကြီးက မိန့်မြွက်ဖူးလေသည်။ မြန်မာ ပြည်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် အခမဲ့ လောကီ လောကုတ္တရာ နှစ်ဖြာသော ပညာရပ်များကို သင်ကြားပို့ချပေးသဖြင့် ဘုန်းကြီးကျောင်း ဆောက်လုပ်ခြင်းသည် ထောင်တံခါးကိုသာမဟုတ် အပါယ်တံခါးကိုပါ ပိတ်သည်ဟု ခေါ်ဆိုနိုင်ပေကြောင်း။

ဆွီဇာလန်နိုင်ငံရေး ပါရဂူတစ်ယောက်က "ကျွန်ုပ်တို့၏ ကလေးများမှာဆင်းဆင်းရဲရဲပင် မွေးလာကြစေကာမူ ကြီးပြင်းလာသော အခါ မသိမလိမ္မာဟု မရှိကြစေရန် သတိထား၍ ကလေးများကို ပညာ သင်ပေးရမည်" ဟု ပြောဖူးလေသည်။

mgyoe.com

mgyoe.com


မက်သူအာနိုး ရေးသားသော "တတ်သိလိမ္မာခြင်းနှင့် တရားလက်လွတ်ပြုခြင်း" ခေါ်စာအုပ်တွင် 'တတ်သိလိမ္မာခြင်း၊ ဉာဏ်အလင်းရောင် ပေါက်ခြင်း၊ ချိုသာကောင်းမွန်ခြင်းတို့မှာ လရောင်သဖွယ် လွန်တင့်တယ်၏' ဟု ဖော်ပြပါရှိလေသည်။

ပညာရေးနှင့် ရာဇဝတ်မှုများ ဆက်စပ်နေပုံကိုမူ အင်္ဂလန်ပြည်ကို ဥပမာတင်ရပေမည်။ အင်္ဂလန်ပြည်တွင် ပညာသင်ကြားရေး အက်ဥပဒေကို တင်သွင်းသော ၁၈၇၀ ခုနှစ်သည် ပေါင်းသင်းဆက်ဆံရေး ရာဇဝင်တွင် ဥဒါန်းတွင်ရစ်သော နှစ်ဖြစ်ပေ၏။ ထိုစဉ်အခါက အင်္ဂလန်ပြည်တွင် မူလတန်းပညာ သင်ကြားနေသော ကလေးပေါင်း ၁ သန်း ၄ သိန်းရှိ၍ ၁၉၃၂ ခုနှစ်တွင် ၅ သန်း ရှိလေသည်။ ထိုသို့ ပညာသင် ဦးရေ များပြားလာသဖြင့် အကျိုးခံစားရသော ရာဇဝတ်မှုဦးရေ စာရင်းကို ပထမ ကြည့်ကြပါစို့။ ၁၈၇၇ ခုနှစ်တွင် ရာဇဝတ်မှုပေါင်း ၂ သိန်း ၈ ထောင်ရှိရာ ဦးရေတဖြည်းဖြည်းယုတ်လျော့လျက် ၁၉၃၂ ခုတွင်မူ အမှုပေါင်း ၁ သိန်း ၃ သောင်းသာရှိတော့၏။ သုံးချိုးတစ်ချိုးမှာ လုံးလုံးခဲခဲ လျော့သွားသည်ကို တွေ့ရ၏။ တစ်ဖက်က ရာဇဝတ်မှုဦးရေ ယုတ်လျော့နေသလောက် တစ်ဖက်က လူဦးရေ များပြားလာသည်ကိုလည်း ဂရုပြုကြရပေမည်။ များပြားတိုးတက်လာသော လူဦးရေ အချိုးအစားအတိုင်းသာ ရာဇဝတ်မှုများပြားလာမည်ဆိုပါက ယခုရှိရင်း အမှုပေါင်း ၁၃၀၀၀၀ အစား ၂၈၀၀၀၀ မျှရှိရပေလိမ့်မည်။ ထိုသို့ ဖြစ်ဘိမူကား အကျဉ်းထောင်နှင့် ပုလိပ်အဖွဲ့များအတွက် အသုံးစရိတ်မှာ ယခု ကုန်ကျလျက်ရှိသောပေါင် ၄ သန်းအစား ပေါင် ၈ သန်းမျှ ကုန်ကျရပေမည်ဖြစ်၏။ ၁၈၅၆ ခုနှစ်တွင် လူငယ်များ၏ စွဲချက်တင်ရသော ပြစ်မှုများမှာ ၁၄၀၀၀ ရှိ၏။ ၁၈၆၆ ခုနှစ်တွင် ၁၀၀၀၀ ထိ လျော့ဆင်းလျက် နောက်ဆုံးစာရင်းအရမူ ၅၁၀၀ သာ ကျန်တော့သည်ကို တွေ့ရ၏။

mgyoe.com

mgyoe.com


၁၈၇၀ ခုနှစ်တွင် စားရာမဲ့ သောက်ရာမဲ့ လူဆင်းရဲများမှာ ၁၀၀၀ လျှင် ၄၇ ယောက်ကျရှိ၏။ ရှေးကမူ ၅၂ ယောက်ကျပင် ရှိခဲ့ဖူးလေသည်။ ထိုအချိန်ကစ၍ တဖြည်းဖြည်း လျော့ဆင်းလာရာ ၁၉၃၂ ခုနှစ်မှာမူ လူ ၁၀၀၀ လျှင် ၂၂ ယောက်ကျသာရှိတော့၏။ ထိုလူဆင်းရဲများအတွက် တစ်နှစ်လျှင် ပေါင် ၈ သန်းမျှ အစိုးရက ကုန်ကျလာခဲ့ရာ ယခုကဲ့သို့ ဦးရေမယုတ်လျော့ဘဲ လူဦးရေ အချိုးအစားအတိုင်းသာ များပြားလာမည် ဆိုပါက ယခုအခါ ပေါင် ၁၆ သန်းမျှ သုံးစွဲကြရပေမည်။ ဤသည်ကို ကြည့်၍ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က နှုန်းအတိုင်း လူဦးရေ များပြားသလောက် ရာဇဝတ်မှု ဆင်းရဲသားဦးရေ များပြားလာမည်ဆို ပါက ရာဇဝတ်မှုဌာနတွင် ပေါင် ၄ သန်း၊ ဆင်းရဲသားရန်ပုံငွေတွင် ပေါင် ၈ သန်း၊ ပေါင်း ပေါင် ၁၂ သန်း မြန်မာငွေ ၁၆ ကုဋေ ၈ သန်း ပိုမိုကုန်ကျရပေမည်။

၁၇၅၉ ခုနှစ်တွင် ထောင်ဒဏ် အပြစ်ပေးခံရသူပေါင်း ၂၈၀၀ ရှိ၍ ၅ နှစ်အတွင်း ယုတ်လျော့လာရာ ၁၇၄၆ ခုနှစ်တွင် ဤမျှ တိုးတက် နေသော လူဦးရေတို့အကြားတွင် ၇၂၉ ယောက်သာ ကျန်တော့၏။

ပြစ်မှုကျူးလွန်ခြင်းနှင့် မသိမလိမ္မာ မိုက်မဲမှုတို့ မည်မျှ နီးကပ် ဆက်သွယ်နေကြောင်း ပြရမည်ဆိုလျှင် ထောင်ဒဏ်အပြစ်ပေး ခံရသူ ပေါင်း ၁၅၇၀၀၀ အနက် စာရေးစာဖတ်တတ်သူ – ၅၀၀၀ ပါ၍၊ ပညာတတ်ဟု ခေါ်ဆိုနိုင်သော အရည်အချင်းရှိသူ ၂၅၀ သာပါဝင်၍ ကျန် ၁၅၁၇၅၀ မှာ ပညာမတတ်သူများဖြစ်ကြောင်း တွေ့ရလေသည်။

mgyoe.com

mgyoe.com


အောက်ပါဇယားကို ကြည့်ခြင်းအားဖြင့် တစ်ဖက်က နှစ်စဉ်နှင့် အမျှ တိုးတက်နေသော လူဦးရေနှင့်တစ်ဖက်က ရာဇဝတ်မှုမည်မျှ ဆုတ်ယုတ်လာကြောင်းကို တွေ့နိုင်လေသည်။

ဤကဲ့သို့အသေးစိတ်၍ စာရင်းအင်းနှင့် ပြခြင်းမှာ၊ ပညာသင်

**၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်မင်းကြီး အစီရင်ခံစာ**

| နှစ်သက္ကရာဇ် | အင်္ဂလန်နှင့် ဝေလနယ်ထောင်ဒဏ်အပြစ်ပေးခံရသောဦးရေ | အင်္ဂလန်နှင့် ဝေလနယ် လူဦးရေ |
|---|---|---|
| ၁၈၅၉ ခုနှစ်-ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ရှေး - ၅ နှစ်အတွင်း | ၂၅၇၉ | ၁၅,၂၅၇,၀၀၀ |
| ၁၈၆၄။ —— | | |
| ။ —— | -၂၀၀၀ | ၂၀,၃၇၀,၀၀၀ |
| ၁၈၆၉။ —— | ၁၉၇၈ | ၂၁,၆၁၀,၀၀၀ |
| ၁၈၇၄။ —— | ၁၆၂၂ | ၂၃,၀၈၈,၀၀၀ |
| ၁၈၇၉။ —— | ၁၅၃၃ | ၂၄,၇၀၀,၀၀၀ |
| ၁၈၈၄။ —— | ၁၄၂၇ | ၂၆,၈၀၃,၀၀၀ |
| ၁၈၈၉။ —— | ၇၉၁ | ၂၇,၈၃၉,၀၀၀ |
| ၁၈၉၄။ —— | ၅၄၈ | ၂၀,၀၅၅,၀၀၀ |

* အထက်ပါစာရင်းတွင် ၁၉၃၁ ခု၊ ၃၂ နှစ်များတွင် အကျဉ်းသားဦးရေ များပြားကြောင်း တွေ့ရပေမည်။ ထိုနှစ်များမှာ သာယာဝတီ သူပုန်ထသော နှစ်များဖြစ်လေသည်။

mgyoe.com

mgyoe.com


ကြားရသဖြင့်၊ စရိတ်ကြီးလေးကြောင်း မိဘများ ညည်းတွားသံကို၊ မကြာခဏ ကြားသိရသောကြောင့် ဖြစ်ပေ၏။

အနည်းငယ်သော ရာဇဝတ်မှုများမှာသာ၊ သည်းမခံနိုင်ခြင်း၊ ဒေါသလွန်ကဲခြင်းတို့ကြောင့်ဖြစ်၍ အခါများစွာမှာမူ၊ သောက်စားမူးယစ်ခြင်း ပညာမဲ့ခြင်းတို့ကြောင့် ဖြစ်လေသည်။

မြန်မာပြည်၌မူ စာသင်ကျောင်းများလည်း များစွာ တည်ထောင်ဖွင့်လှစ်ပေးခြင်း မရှိသေးသဖြင့် ရာဇဝတ်မှု ဦးရေမှာ များစွာ ယုတ်လျော့ခြင်းမရှိပေ။ သို့သော် သက္ကရာဇ် ၁၉၂၇ ခုနှစ်မှ၊ ၁၉၃၆ ခုနှစ်ထိ – ၁၀ နှစ်အတွင်း အလုပ်ကြမ်းနှင့် ထောင်ဒဏ် အပြစ်ပေးခံရသူဦးရေ – ၁၈၅၀ ခန့် ယုတ်လျော့သည်ကို တွေ့ရကြောင်း။

အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြစ်ပေးခံရသော ဦးရေမှာ

၁၉၂၀ ... ခုနှစ် ... ၁၉၆၀၀။ .... ယောက်
၁၉၂၈ ... ။ ..... ၁၉၅၅၀။ .....။
၁၉၂၉ ... ။ ..... ၁၉၁၀၀။ .....။
၁၉၃၀ ... ။ ..... ၁၉၀၅၀။ .....။
* ၁၉၃၁ ... ။ ..... ၁၉၁၀၀။ .....။
* ၁၉၃၂ ... ။ ..... ၂၁၃၀၀။ .....။
၁၉၃၃ ... ။ ..... ၁၈၉၀၀။ .....။
၁၉၃၄ ... ။ ..... ၁၇၂၅၀။ .....။
၁၉၃၅ ... ။ ..... ၁၇၆၀၀။ .....။
၁၉၃၆ ... ။ ..... ၁၇၇၅၀။ .....။
ဖြစ်လေသည်။ ။

လူတို့မှာ ရုပ်နှင့် မျက်စိရှိတိုင်း မြင်ကြသည်မဟုတ်။ ရုပ်မျက်စိ အလင်းရောင်၊ အကြည်ဓာတ်တို့ ပြည့်စုံမှ မြင်ကြရပေ၏။ မျက်စိကြောင့်

mgyoe.com

mgyoe.com


မြင်သည်ဟုဆိုသော်၊ လူသေ မျက်စိ အိပ်ပျော်နေသူတို့၏ မျက်စိများမှာ၊ အဘယ်ကြောင့်မမြင်ဘိသနည်း။ ပသာဒ၊ ဟူသော အကြည်ဓာတ်မှာ ပို၍ အရေးကြီးဘိ၏။ ထို့အတူ စာအုပ်များကို တွင်တွင်ကြီး ဖတ်ရုံနှင့် ပညာမရှိနိုင်သေးချေ။ ဉာဏ်နှင့်ယဉ်၍ယူမှ ပညာရှင်ဖြစ်နိုင်လေသည်။

ခုံညားပြေပြစ်သော စကားတန်ဆာ၊ ဝါစာသိလိဋ္ဌ တို့မှာ အရေးပင်ကြီးငြားသော်လည်း ပညာ၏ အစိတ်အပိုင်းမျှသာ ဖြစ်ပေ၏။ ပညာသင်ကြားရေးသည်။ လူတို့၏ ကျင့်စဉ်နှင့် သင့်တင့်ညီညွတ်၊ သပ္ပာယမျှတရမည် ဖြစ်ပေ၏။ လူအချင်းချင်းဆက်သွယ်ပေါင်းသင်းခြင်းကို ပညာက စီမံပေးရမည်။ ။ ပါဠိနှင့် ပေါရာဏတို့မှာ ခုံညားသော်လည်း နေရာတကာတွင် ကောင်းသည်မဟုတ်ပေ။ အထူးသဖြင့် ပေါရာဏကို ရှောင်ကြဉ်သင့်ကြပေသည်။ ရှင်မဟာရဋ္ဌသာရ၊ ရှင်သီလဝံသ။ တို့၏ စကားများတွင် ပေါရာဏနည်းပါး၍ ရှိတ်စပီးယား၏ စာများတွင်လည်း လက်တင်ဂရိ၊ စသော ဘာသာများ နည်းပါးကြောင်းကို တွေ့ရှိရပေမည်။

အလုပ်များတွင်လည်း ဥပဒေသအလုပ်၊ ကိုယ်ထိလက်ရောက်၊ အလုပ်ဟူ၍ရှိရာ၊ စာအုပ်များကိုသာ တစ်ဖတ်တည်းဖတ်နေပြီး၊ ကိုယ်တိုင်စမ်းသပ်လုပ်ကိုင်ခြင်း မရှိသူမှာ ဥပဒေသနည်းကို ကြိုက်သူဖြစ်၍ အတွေ့အကြုံနည်းပါးသဖြင့် ကိုယ်ထိလက်ရောက် ဝါဒသမားနှင့်တွေ့ကာ အရည်အချင်းချင်းတူလျှင် ဥပဒေသနည်းသမားက ရှုံးရမြဲဖြစ်ပေ၏။

ပညာဟု ခေါ်ဆိုသည်မှာ လေရဟတ်အောက်တွင် ထိုင်၍ ရက္ခဗေဒ စာအုပ်ကိုဖတ်ပြီး သစ်ပင်များကြီးအောက်စိုက်၍ရသော အတတ်မျိုးမဟုတ်ပေ၊ ဥပဒေသတို့ကို မှီငြမ်းပြု၍ အလုပ်ကို တကယ်လက်တွေ့ လုပ်ကိုင်မှသာလျှင် ပညာ၏အကျိုးတို့ကို ခံစားရလေသည်။

ကလေးသူငယ်များအား သဒ္ဒါ၊ သင်္ချာစသည်တို့ကို သင်ကြားခြင်းမှာ လွယ်ကူသလောက် တကယ်ပညာ၏ အရင်းခံတို့ကို သင်ကြား

mgyoe.com

mgyoe.com


ရန်ခက်ပေ၏။ ၎င်းတို့၏ သေးငယ်သော ဦးနှောက်ကလေးများထဲသို့၊ အားအင်ဖြည့်သွင်းခြင်း ရှေ့တက်လမ်းရှိအောင် ပြုပြင်ပေးခြင်း၊ အကျင့်ဆိုးများကို ရွေးချယ်နုတ်ပယ်၍ အကျင့်ကောင်းများကို မျိုးစေ့ ချပေးခြင်းများမှာ လွယ်ကူသည် မဟုတ်ပေ။

ပညာ သင်ကြားခြင်းမှာ၊ ဝတ်လုံတော်ရ၊ တရားသူကြီး၊ ကျောင်းဆရာ၊ လွှတ်တော်ဝန် စသည် အသီးသီးဖြစ်ကြရန် ရည်ရွယ်၍ သင်ကြားရသည် မဟုတ်ပေ။ ယောကျ်ားတို့၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ပြည့်ပြည့်ဝဝ ယောကျ်ားတစ်ယောက် ဖြစ်စေရန်၊ ဝေဖန်ပိုင်းခြားတတ်သော အသိဉာဏ်ရှင်တစ်ယောက် ဖြစ်လာရန်သာ ပဓာနထားရမည် ဖြစ်ပေ၏။

လူတစ်ယောက်အား သေချာဂနစွာ တရားသဖြင့်ပြုလုပ်စေခြင်း၊ အရေးကိစ္စ ဟူသမျှတို့တွင် သိက္ခာရှိရှိ တည်တည်ကြည်ကြည် ပြုလုပ်စွမ်းဆောင်နိုင်ခြင်း၊ ပရိစာဂဂုဏ်နှင့် ပြည့်စုံခြင်းတို့ကိုပင် ပညာဟု ခေါ်ဝေါ်အပ်လေသည်။

ကြက်မနှင့် ကြက်ဥ ဘာက အလျင် ဖြစ်ပေါ်သနည်းစသော ပုစ္ဆာတို့တွင် ပညာရှင်တို့မှာ ကြက်မက အလျင်ဖြစ်သည်ဟု ယတိပြတ် ဖြေဆိုနိုင်ကြ၏။ အဘယ်ကြောင့်ဆိုသော် ဝေါဟာရ ပညတ်အားဖြင့်ပင် ကြက်မ၏ ဥဟု သာရှိ၍ ကြက်ဥ၏ ကြက်မဟု ရှိလည်းမရှိ၊ ခေါ်လည်း မခေါ်သောကြောင့် ဖြစ်ပေ၏။

ပန်းချီတို့၏ မျက်စိကျက်စားရာတောတောင် ရေမြေလောကဓာတ်၏ လှို့ဝှက်ဆန်းကြယ်သောအဖြစ်သနစ်တို့ကို မသိဆေဘဲ ကလေးသူငယ်များအား မကြီးပြင်းပါစေနှင့်။

စာအုပ်များထဲတွင်၊ မှော်ခေါ်စဉ်းစားနိုင်ခွင့်၊ အကြံအစည်များ လွန်စွာနည်းပါးလေသည်။ ထိုအကြံအဉာဏ်တို့မှာ၊ တောတောင်ရေမြေ

mgyoe.com

mgyoe.com


သမုဒ္ဒရာ၊ လရောင်ခြည်၊ နေရောင်ဝါ၊ လေပြည်လေသွေး၊ တောပန်း တောင်ပန်း၊ ဂနိုင်ဟေမာတို့တွင် ပိုမိုတွေ့ရှိနိုင်၏ ဟု လော(ဒ်)ချက်စတားဖီး – က ရေးသားခဲ့လေသည်။

ကျွန်ုပ်တို့မှာ အသက်ရှင်နေသမျှ ကာလပတ်လုံး၊ ပညာသင်ကြားရန်လိုပေ၏။ တစ်ပြားသတင်းစာ၊ တစ်မူးတန် ဝတ္ထုတို့မှ အတိုအထွာ သတင်းတို့ကို ပေါ့ပေါ့ဆဆ သင်ကြားခြင်းနှင့် ကိစ္စမပြီးမြောက်ချေ၊ "ပညာသင်ကြားရန် အရွယ်လွန်ပြီဟု ဘယ်တော့မှမရှိ" ဟု သိုးဆောင်းစကားပုံတစ်ခုရှိလေသည်။

ပညာဟူသည်မှာ မိမိနိုင်ငံအကျိုး သယ်ပိုးလိုသော စိတ်ရှိခြင်း၊ သစ္စာရှိခြင်း၊ မိမိကိုယ်ကို မိမိ စိုးပိုင်ခြင်းတို့အတွက် ဖြစ်လေသည်။ ပညာမှာ လူတို့အား တိုင်းရင်းဘာသာကို အလွယ်တကူ ရေးတတ်နိုင်၍ ဝါစာသိလိဌ ဖြစ်သော စကားယဉ်စကားနွဲ့၊ အထက်တန်းစား စာပေတို့၏ သဘော၊ အနက်၊ ရသ၊ ဩဇာတို့ကို သိစေနိုင်၏။ မိမိတိုင်းပြည်၏ ရာဇဝင်နှင့် ပေါင်းသင်းဆက်ဆံရေး နေမှုထိုင်မှုတို့၏ နည်းကောင်း ဥပဒေတို့ကို တတ်သိကျွမ်းကျင်စေနိုင်၏။ သဘာဝဓမ္မ၊ လောကဓံတရား၊ ကိုယ်လက်လှုပ်ရှားခြင်းတို့၏ အခြေခံတရားတို့ကို သိစေတတ်၏။ အကျိုးအကြောင်း ဆင်ခြင်တုံ တရားဟုခေါ်ဆိုအပ်သော၊ လောကဂျစ်ပညာကို စာတွေ့ထက် ကိုယ်တွေ့ကများသဖြင့် ဗဟုသုတဖြစ်စေ၏ဟု– ပါမောက္ခပီလေးက ပြောခဲ့ဖူးလေသည်။

လော့(ဒ်) ချက်စတာဖီးက ။ ငယ်စဉ်အခါက မိုးသားတိမ်တိုက်အကြောင်း၊ မြက်ပင်များအကြောင်းတို့ကို သိလိုလှ၏။ နွေဦးပေါက်စတွင် အဘယ်ကြောင့် ရွက်သစ်ပြောင်း၍ ရွက်ဟောင်းကြွေကျသည်ကို သိလိုလှ၏။ ပုရွက်ဆိတ်ကလေးများ၊ ဖားလောင်းကလေးများတို့၏ အမူအရာကို စောင့်စားကြည့်ရှုခဲ့၏။ မည်သူ့မျှ အရေးတစိုက် ဖြေကြား

mgyoe.com

mgyoe.com


မည်မဟုတ်သော မေးခွန်းများကို မေးခြင်းဖြင့်၊ လူကြီးများအား အနှောင့်အယှက်ပေးမိ၏။ ထိုသိလို မြင်လို၊ တတ်ကျွမ်းလိုသော စိတ်များကပင် ယုတ္တိကိုရှာသဖြင့် ပညာ၏ အရင်းခံကြီး ဖြစ်လာပေတော့၏။ ဟု ပြောဖူးလေသည်။

စာအုပ်များမှာ သူ့ချည်းသက်သက် အသုံးပြုရမည်ဆိုသော် ပြုလုဆဲဆဲ တဲအိမ်ကလေးသဖွယ် တည်တံ့ခိုင်မြဲသော သတ္တိရှိမည် မဟုတ်ပေ။ ပညာနှင့် တွဲဖက်၍ သုံးရမည့်အရာ ၂ ခုရှိလေသည်။ ၎င်းတို့မှာ နှိုင်းချိန်ခြင်းနှင့် ဝေဖန်ခြင်းတို့ဖြစ်ပေ၏။ ထိုတရား ၂ ပါး တည်းဟူသော ကျားကန်ထားမှသာလျှင် စာအုပ်တည်းဟူသော ပညာမှာ မယိုင်မလဲတည်မြဲတည်ရှိပေလိမ့်မည်။ စာအုပ်မှာ အကြမ်းသဘော အားဖြင့် အုတ်ရောရော၊ ကျောက်ရောရော သောင်းပြောင်းစုဆောင်းခြင်း မျှသာဖြစ်၍ တကယ်စိစစ်က အသုံးမဝင်သည်တို့ များစွာ ပါဝင်ကြောင်း တွေ့ရပေ၏။

ချင့်ချိန်စဉ်းစားခြင်းမှာ ရွေးချယ်စိစစ် သတ္တုချပြီးလျှင် စူးနေရာ စူး ဆောက်နေရာဆောက် ဝေဖန်သုံးစွဲခြင်းအားဖြင့် ပညာမဏ္ဍိုင်ကြီးကို ဆောက်လုပ်နိုင်လေသည်။ တရားစစ်တရားမှန် မဖောက်ပြန်သော သဘောတို့ အပတ်တကုတ်ကြိုးစားရှာဖွေ၍ ကျွန်ုပ်တို့၏သဏ္ဍာန်တွင် ကိန်းအောင်းစေတော့၏။

ကျောင်းတွင် ပညာသင်ကြားခြင်းမှာ နမောဇုဒ္ဒါယမျှသာ ဖြစ်တုံသေး၏။ သိပ္ပံကျောင်းများမှ ဂုဏ်ထူးဘွဲ့ထူးများရသောအခါ ပညာမှာ ဆုံးခန်းတိုင်ရောက်ပြီဟု မယူဆရာ၊ မြန်မာများ ထိုသို့ ယူဆသဖြင့် အညွန့်တုံးကာ ဘာကိုမျှ ရှုပ်ရှုပ်ချွံချွံ မလုပ်နိုင်ကြပေ။ ၎င်းတို့မှာ ကျောင်းကထွက်လျှင် ပညာဆုံးပြီဟု ယူဆသဖြင့် အလုပ်တစ်ခုခုတွင် မိမိကိုယ်နှင့်တကွသော ပညာကို ရောင်းစားခြင်းဖြင့် ပညာကို အညွန့်တုံး

mgyoe.com

mgyoe.com


စေ၏။ လူ၏တက်လမ်းကို ပိတ်ဆို့ပေတော့၏။ ရှေ့ကို ဆက်လက်သင်ကြားရန် အိပ်မက်မှ မမက်တော့ချေ။ စင်စစ်မှာမူ ထိုသို့မဟုတ်ချေ။ ကျောင်းများမှ အတန်းတစ်ဆုံး သင်ပေးလိုက်သော ပညာမှာ တကယ်အစစ်အမှန်ဖြစ်သော ကမ္ဘာ့ပညာကို စုံစမ်းရှာဖွေနိုင်လောက်သော အရည်အချင်းမျှသာ ဖြစ်သေး၍ ပညာ၏တံခါးဝသို့ ရောက်ရုံသာ ရှိပေသေး၏။ ထိုသို့သော အရည်အချင်းကို လက်ကိုင်ပြု၍ ရှာဖွေကြိုးစားမှသာလျှင် လောကကြီး၏ အံ့သြဖွယ် ဆန်းကြယ်ပုံ သဘာဝ ဓမ္မ သစ္စာတရား ပညာ၏ အဆီအနှစ်ကို ခံစားရမည် ဖြစ်၏။

ပညာမှာ အစားအစာကဲ့သို့မဟုတ်၊ ဆားငန်ရေကဲ့သို့ ဖြစ်၏။ အစားမှာ ဝအောင်စားပြီးလျှင် စားလိုသော စိတ်မရှိသော်လည်း ဆားငန်ရေမှာ သောက်လေ သောက်လေ ငတ်မပြေဖြစ်ပေတော့၏။ ထို့အတူ ပညာမှာလည်း ရလေလိုလေ၊ တတ်လေ နက်နဲမှန်းသိလေ၊ နက်နဲမှန်းသိလေ လိုချင်လေ ဖြစ်ပေ၏။ သူတော်ကောင်း တရားကျင့်သူနှင့်လည်း တူပေ၏။ တရားကောင်းကျင့်သူမှာ တတ်လေ မြတ်နိုးလေ ဖြစ်သဖြင့် လက်မလွှတ်နိုင်ကြတော့ပေ။

အရစ္စတိုတီး (Aristotle) စသူတို့မှာ ပညာကိုသာ အထူးလေ့လာနေကြရကား ထိုသူများမှာ ခန္ဓာကိုယ်သာ လောကလူ့ပြည်တွင်ရှိ၍ စိတ်ဝိညာဉ်ကား လောကကြီး အပြင်ဘက်သို့ ထွက်ပြီးလျှင် လောကသူ လောကသားတို့အား တောင်ထိပ်မှနေ၍ တောင်အောက်က လူများကို ကြည့်သကဲ့သို့ အကွင်းသား အကွင်းသား မြင်နိုင်ကြပေ၏။ ထိုပုဂ္ဂိုလ်များကို လူလွန်များဟု ခေါ်ဝေါ်သင့်ကြောင်း။ ၎င်းတို့၏ အလိုဆန္ဒတွင် မင်း အစိုးရ၊ တရားသူကြီး ထောင်တန်း၊ နှောင်အိမ်တို့ကို ပစ်ပယ်၍ မွေးသည့်နေ့မှ သေသည့်တိုင်အောင် ချုပ်ချယ်ခြင်းအလျှင်းမရှိသော ပကတိ လွတ်လပ်ခွင့်ကို လိုလားတောင့်တကြပေ၏။

mgyoe.com

mgyoe.com


> We are but as children, playing on the sea shore, and gathering here and there, a prettier shell or a more delicate sea weed than usual,
> while the great ocean of truth lies all undiscovered before us.
>
> **Sir Issac Newton**

လောကဓာတ်၏ ဖခင်ဖြစ်သော၊ ... အိုင်ဇက်နျူးတန်က ကျွန်ုပ်တို့သည် ပင်လယ်ကမ်းစပ်တွင် ကလေးများသဖွယ် တစ်နေရာမှ တစ်နေရာသို့ ကူးပြောင်းကာ ဂုံးခွံကလေးများ၊ ရေညှိများကို စုဆောင်းသယ်ယူ၍ ကစားကာသာ နေကြသေး၏။ မဖောက်မပြန် မှန်သော တရားစစ်တို့၏ တည်ရာ အပြောကျယ်စွာသော မဟာသမုဒ္ဒရာကြီးကား ကျွန်ုပ်တို့ဘာမျှ မစုံစမ်းမရှာဖွေ မလေ့လာရသေးဘဲ ကျွန်ုပ်တို့ရှေ့တွင် တည်ရှိပေ၏ 'ဟု ပြောဆိုခဲ့ရာ ကျောင်းကထွက်လျှင်ပင် ပညာတတ်ပြီဟု ယူဆသသောထားကာ လေ့လုံးကြွားသူတို့မှာ များစွာပင် ရှက်ဖွယ်ကောင်းပေကြောင်း။

ကျွန်ုပ်တို့တွင် နောက်ထပ်စုံစမ်း ရှာဖွေရန် ကိစ္စပေါင်း ထောင်သောင်းများစွာ သိန်းပေါင်းများစွာ ရှိပေသေးသည်ကို မည်သူမျှမငြင်းနိုင်ကြပေ။

> It it not then astonishing that the so called christron nations waste and worse than waste millions of money to ruin one another, and fight like beasts for terriory "while

mgyoe.com

mgyoe.com


thegreat ocean of truth lies undiscovered
before then"

**LordAvebury**

သစ္စာ တရားတို့၏ တည်ရာ ကျယ်ပြန့်သော မဟာ
သမုဒ္ဒရာကြီးမှာ ဘာမှ မစုံစမ်း မရှာဖွေရသေးဘဲ၊
ကျွန်ုပ်တို့ရှေ့တွင် တည်ရှိနေသည်ကို ပမာဏမထား
ဘဲ၊ ခရစ်ယာန်ခေါ်ဆိုအပ်သော လူတို့သည် တစ်ဦး
ကို တစ်ဦး သားရဲတိရစ္ဆာန်ကဲ့သို့ လက်နက်နိုင်ငံ
အလို့ငှာ လောဘဇောတိုက် တွန်းရကား သန်းပေါင်း
များစွာသော ငွေများကို အကုန်အကျခံကာ ဖြုန်းတီး
နေကြခြင်းမှာ အံ့ဩဖွယ် မဟုတ်ပါလော။

**လော့ဒ်အဗီးဘြူးရီး**

စာဖတ်ခြင်းမှာ ပစ္စည်း ဥစ္စာ ဘဏ္ဍာတို့ထားရာတိုက်ခန်းကို ဖွင့်နိုင်သော သော့ကိုရရှိသည်နှင့်တူ၏။ ဘာသာအရပ်ရပ်တို့ တက်မြောက်ခြင်းမှာ တိုက်ခန်းအမျိုးမျိုးကို ဖွင့်နိုင်ခြင်းဖြစ်၏။ ထိုသို့ ပညာတည်းဟူသော သော့ကို ရရှိရုံနှင့် ကိစ္စပြီးသည်မဟုတ်သေးပေ။ ရတနာတိုက်ခန်းတို့ကို သွားရောက်ဖွင့်ယူသုံးစွဲခြင်းတည်းဟူသော ဝေဖန်ရှိုင်းချိန်ခြင်း၊ လုံ့လဝီရိယ စသည်တို့ လိုအပ်သည်ကိုလည်း သတိမူကြရာသည်။

လူတို့၌ မံသ မျက်စိဟုဆိုသော မျက်စိရိုးရိုးမှာ၊ သာမန်ဝတ္ထုတို့ကို ရိုးရိုးမြင်နိုင်၏။ ထိုထက် မှန်ပြောင်း မှန်ဘီလူးတို့ကို တပ်ဆင်ကြည့်ပါက၊ သာမန်ဝတ္ထု ဝေးလံသော ဝတ္ထုတို့ကို ထင်ရှားစွာ မြင်စွမ်းနိုင်၏။

mgyoe.com